ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ စနေနေ့၊ (30-9-2006) (၁၀၉၆)

**သခင်
(အလုပ်ရှင်)
ကျင့်ဝတ်
(၅)ပါး**

မြတ်စွာဘုရားသည် သိင်္ဂါလောဝါဒသုတ္တန်တွင် လောကီလောကုတ္တရာ အကျိုးစီးပွားနှစ်ဖြာ ဖြစ်ထွန်းစေရန်အတွက် အလုပ်ရှင်၊ အလုပ်သမား တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လိုက်နာထိန်းသိမ်းကြရမည့် ကျင့်ဝတ်များကို အောက်ပါအတိုင်း ဟောကြားခဲ့ပါသည်–

- **အလုပ်ရှင်သည် မိမိ၏အလုပ်သမားတပည့်သားများအား ခွန်အားအလျောက်သာ အလုပ်ကို ခိုင်းစေခြင်း၊**
- **ထမင်းရိက္ခာ(သင့်တင့်လျောက်ပတ်သော လစာ)ပေးခြင်း၊**
- **မိမိအလုပ်သမား မကျန်းမာသည့်အခါ ပြုစုယုယ ဆေးဝါးကုသပေးခြင်း၊**
- **ထူးကဲသောအရသာ (ကာယစိတ်ဓာတ်နှစ်ဖြာ)ကို ခွဲဝေပေးခြင်း၊**
- **အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာ(အချိန်ပိုလုပ်ခ) စသည်ပေးခြင်း၊**

သင်္ဂဇာဆရာတော်က သခင်(အလုပ်ရှင်) ကျင့်ဝတ်ငါးပါးကို မှတ်သားရလွယ်စေရန် လင်္ကာဖွဲ့ဆိုထားပါသည်–

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❀

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညေ့ခံပွဲသို့တက်ရောက်

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ညေ့ခံပွဲသို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

အဆိုပါညေ့ခံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညေ့ခံပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့၌ မြန်မာနိုင်ငံ အခြေအနေအား ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်နိုင်သည်ဟူသည့် စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခြင်းသည် နိုင်ငံတော်အစိုးရနှင့် မိမိတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတော် အကျိုးပြုလုပ်ငန်းစဉ်များကို ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုနှင့် ဒီမိုကရေစီ ဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေပါသည်။

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရ.လ.လ.ဖ)၏ (သဘောထားထုတ်ပြန်ကြေညာချက်မှ ကောက်နုတ်ချက်)

ပြည်တွင်းမှ NLD၊ ပြည်ပမှ ပြည်ပြေးတွေနဲ့ အနောက်အင်အားကြီး ကိုလိုနီလက်သစ်ဝါဒီတွေ ပြောပြောနေတဲ့ ဒိုင်ယာလော့ခ်ကတော့ တစ်မျိုးခင်ဗျ။ ပြည်သူတွေပါဖို့မလိုဘူး။ NLD ရယ်၊ အလားတူ တိုင်းရင်းသား NLD ရယ်၊ အစိုးရရယ်ပဲ တွေ့၊ NLD ရဲ့ တောင်းဆိုသမျှကို လိုက်လျော၊ (မလိုက်လျောရင် အစိုးရဘက်က မရိုးသားလို့၊ မမှန်ကန်လို့)ဆိုတဲ့ ဒိုင်ယာလော့ခ်၊ သူတို့ဘက်က တောင်းဆိုမှာကလည်း ရှင်းနေပြီပဲ။ သူတို့ မအောင့်နိုင်၊ မအည်းနိုင် အမြဲကုန်းအော်နေတဲ့ တပ်မတော်အစိုးရဆင်းပေး။ NLD အာဏာကိုယူမယ်၊ ဒါပါပဲ။ အဲဒီကိစ္စကိုကြည့်ရုံနဲ့ NLD ဟာ ပြည်သူကို တကယ်ကိုယ်စားပြုသလား၊ ပြည်သူ့အကျိုး ဆက်တိုက်သယ်ပိုးနေသလား သိသာနေပြီဖြစ်ပါတယ်။

ဦးပြေကျော်၏ **"ဒိုင်ယာလော့ခ်အစစ်နဲ့ ဒိုင်ယာလော့ခ်အတုအယောင်တို့ရဲ့ သရုပ်သကန်"** (ဆောင်းပါး)

စာမျက်နှာ–၈/၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၉-၂၀၀၆
(စနေနေ့)

သက်ကြီးရွယ်အိုများအား ဝိုင်းဝန်းပြုစုစောင့်ရှောက်ကူညီ

ယနေ့ကမ္ဘာတွင် ဇီဝနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာ လျက်ရှိပြီး လူသားများ၏ သက်တမ်းမှာ ပို၍ရှည်လာသည်ကို တွေ့ရသည်။ ကမ္ဘာတစ်ဝန်း၌ သက်ကြီးရွယ်အိုများ တစ်နေ့တခြား တိုးပွားများပြား လာလျက်ရှိရာ ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပြီး သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေး၊ သာယာချမ်းမြေ့ဖွယ် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေး အစီအစဉ်များ ချမှတ်တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

မြန်မာ့လူမှုပတ်ဝန်းကျင်တွင် ရှင်သန်ဖြစ်တည် ထွန်းကားနေသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများအရ သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ဂါရဝထားလေးစားကြသည်။ မိမိတို့၏ အိမ်ဦးခန်းတွင် မိဘ၊ ဘိုးဘွားတို့အားနေရာပေးကာ မေတ္တာစေတနာ အပြည့်အဝဖြင့် ကျွေးမွေးပြုစု စောင့်ရှောက်လျက် ရှိနေကြသည်။ အဘိုး၊အဘွားများကလည်း မိမိတို့၏သား သမီး မြေး မြစ်များနှင့်အတူ မိသားစု၏ စီးပွားရေး၊ လူမှုရေးရာများကို ကြည့်ရှုစောင့်ရှောက် ထိန်းသိမ်းခြင်းဖြင့် ချမ်းမြေ့ဖွယ် လူမှုပတ်ဝန်းကျင် ဖြစ်ထွန်းလျက် ရှိပေသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိသည့်အနက် အသက် (၆၀)အထက် အဘိုး၊ အဘွား လေးသန်းကျော် ရှိသည်ဟုသိရသည်။ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ သက်ကြီးရွယ်အိုများအား သက်ဆိုင်ရာ မိသားစုများက ပြုစုစောင့်ရှောက်လျက်ရှိ၍ သက်ကြီးရွယ်အို ပြဿနာ ပေါ်ပေါက်ခြင်းမရှိသေးပေ။ အာဆီယံနိုင်ငံများအပါအဝင် ဒေသတွင်း နိုင်ငံများတွင်မူ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအတွက် စုပေါင်းနည်းလမ်းရှာဖွေ ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သားထောက်သမီးခံမရှိသော သက်ကြီးရွယ်အိုများ၊ ဆွေမျိုးသားချင်းနည်းပါး၍ ကူညီစောင့်ရှောက်ပေးရန် လိုအပ်မည့် ဘိုးဘွားများအတွက် ဘိုးဘွားရိပ်သာများကို လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်ကပင် စတင်ထူထောင်ပြီး ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ယခုအခါ နိုင်ငံတစ်ဝန်းတွင် ဘိုးဘွားရိပ်သာပေါင်း ၅၂ ခု ရှိပြီး ဘိုးဘွားနှစ်ထောင်ကျော်ကို ကြည့်ရှုပြုစု စောင့်ရှောက်ပေးနေသည်။

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက် ကူညီခြင်းသည် မြန်မာတို့၏ မွန်မြတ်သော ပရဟိတလုပ်ငန်း တစ်ခုဖြစ်ရာ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ အလှူရေစက် လက်နှင့်မကွာ ထောက်ပံ့လှူဒါန်းပြီး ဂါရဝထား ဝိုင်းဝန်းပြုစု စောင့်ရှောက်ကြခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ လူမှုဘဝ သာယာချမ်းမြေ့နိုင်ကြမည်ဖြစ်ပါသည်။ ။

နှစ်ဖက်သော မိဘများနှင့် ကွယ်လွန်သူ အစ်မကြီး ဒေါ်တင်မြိုင်၊ အစ်မလေး ဒေါ်သိန်း၊ ညီမလေး ဒေါ်အေးငွေ၊ အစ်ကို ဦးမောင်ငြိမ်း၊ ခင်ပွန်း ဦးအောင်တင် တို့အား ရည်စူးပြီး ရေဝတီတိုင်း မအူပင်မြို့ အောင်ဇေယျလမ်းနှင့် (၅)လမ်းထောင့်နေ ဒေါ်တင်ပု၊ (ညီမ ဒေါ်အေးငွေ) တို့က မိုးမိတ် တိပိဋက=နိကာယ ကျောင်းတော်အတွက် သင်္ကန်းငါးစုံ ဆွမ်း၊ ဆေး၊ ရေပဒေသာပင်များနှင့် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် စုစုပေါင်း အလှူတော်ငွေကျပ် ၁၂၅၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။
ပြည်သူ့သဘောထား

အမျိုးသားညီလာခံ ဂုဏ်ပြုသွေးလှူဒါန်းပွဲ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် မော်လမြိုင်မြို့နယ် ထာဝရ သွေးလှူရှင်များအသင်း၏ သွေးလှူဒါန်းပွဲကို စက်တင်ဘာ၂၂ရက်တွင် မော်လမြိုင်မြို့ ပြည်နယ်အထွေထွေရောဂါကု ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယက၊ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဇနီး၊ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ မော်လမြိုင်ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ခေတ္တဆေးရုံအုပ်ကြီး နှင့် တာဝန်ရှိသူများ၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင် နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြ၍**(ယာပုံ)** တိုင်းမှူးနှင့် တာဝန်ရှိသူများက သွေးလှူရှင်များအား ဂုဏ်ပြု လက်ဆောင်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

သွေးလှူဒါန်းပွဲတွင် လူမှုရေးအသင်း အဖွဲ့ဝင် ထာဝရသွေးလှူရှင် ၃၀ တို့က သွေးလှူဒါန်းကြပြီး အဆိုပါ ထာဝရ သွေးလှူရှင်များ အသင်းအနေဖြင့် ဂုဏ်ပြုသွေးလှူပွဲ ငါးကြိမ် အပါအဝင် အရေးပေါ် သွေးလှူဒါန်းခြင်းဖြင့် တစ်နှစ်တာအတွင်း သွေးပုလင်းပေါင်း ၃၀၀ ကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေး အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်သူလူထု အခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်း အတွင်း အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထု အခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း ညှိနှိုင်းပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် သာကေတမြို့နယ် ဇင်္ဂမလမ်းရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ပြည်သူလူထုအခြေပြု ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများတွင် ကျန်းမာရေး ဝန်ထမ်းများ၏ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနှင့် လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်က ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းများတွင် အသင်းကြီးက ပူးပေါင်းပါဝင်မှုကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က အမျိုးသမီး ရေးရာ အဖွဲ့ဝင်များအနေဖြင့် မြို့နယ် အတွင်း ရောဂါကာကွယ်တားဆီးရေး နှင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီး ဌာနမှ တာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများသည် သာကေတမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်း၍ အေအိုင်ဒီအက်စ်ရောဂါ အပါအဝင် တီဘီရောဂါနှင့် အခြားနာတာရှည်ရောဂါ ဝေဒနာရှင်များအား၊ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အာဟာရဖွံ့ဖြိုးရေး အတွက် အစားအသောက်များနှင့် သံဓာတ်အားဆေးပြားများ ပေးဝေပေးခြင်း၊ တီဘီ ရောဂါဝေဒနာရှင်များ ဆေးဝါးမပြတ် အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ လူနာအားပြုစုနည်းများ စနစ်တကျဖြစ်စေရန်လက်တွေ့ ကျန်းမာရေး ပညာပေးခြင်းများ ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့် သာကေတမြို့နယ်တွင် အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည်ရောဂါ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းညှိနှိုင်းပွဲ၌ အမှာစကားပြောကြားစဉ်။
(ကျန်းမာရေး)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမျိုးသားညီလာခံကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်သည် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမ၌ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် တာဝန်ရှိသူများသည် အနော်ရထာ ရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ရုံး၊ ညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဆွေးနွေးကြမည့် ဆွေးနွေးပွဲခန်းမများ ပြင်ဆင်ခင်းကျင်းထားမှု၊ ဝန်ထမ်းများအတွက် စားရိပ်သာ ပြင်ဆင်ထားမှု၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အပန်းဖြေဆောင်အတွင်း စီစဉ်ဆောင်ရွက်ထားမှု၊ တယ်လီဖုန်းနှင့် ရုပ်မြင်သံကြားစက်များ တပ်ဆင်ထားမှု၊ အမျိုးသမီးအိပ်ဆောင်များအတွင်း ကြိုတင်ပြင်ဆင်ခင်းကျင်းထားမှု၊ စားရိပ်သာ(၁)တွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား နေ့စဉ်ကျွေးမွေးဧည့်ခံနိုင်ရေးအတွက် ရိက္ခာခြောက်များ စုဆောင်းထားရှိမှုနှင့် ကြိုတင်ဆောင်ရွက်ထားမှု၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ သက်သာချောင်ချိစွာ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖွင့်လှစ်ရောင်းချမည့် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း အရောင်းဆိုင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်နှင့် အငှားဆိုင်ဖွင့်လှစ်မည့်နေရာ၊ နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန် အရောင်းဆိုင်နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စာတိုက်နှင့် ဆက်သွယ်ရေးစခန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ စားသောက်ကုန်အရောင်းဆိုင်၊ ပင်မင်းဆိုင်နှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ပဒေသာစားသောက်ဆိုင်၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ စားသောက်ဆိုင်၊ စတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ အားကစားရုံအတွင်း အားကစားကွင်းနှင့် အားကစားပစ္စည်းများ စီစဉ်ထားမှု၊ အမျိုးသားအိပ်ဆောင်အတွင်း အပန်းဖြေနိုင်ရေးအတွက် ဘိလိယက်ခုံများ စီစဉ်ထားမှု၊ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးနှင့်ဂေါက်သီးရိုက်အားကစားပစ္စည်းများ စီစဉ်ထားမှု၊ ညီလာခံကိုယ်စားလှယ်များ ကျန်းမာရေးအတွက် ဖွင့်ထားသည့် ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံ ကျင်းပမည့် ပြည်ထောင်စုခန်းမတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သန်လျင်ဖားအောက်တောရ ဘုံကထိန်

ရန်ကုန် စက်တင်ဘာ ၂၉

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာ (သန်လျင်)၏ နဝမအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် သီရိခေမာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ဆက်သွယ်ရေး ချို့ယွင်းမှု တိုင်ကြားရေးဌာန (၁၀၆)

ဆက်သွယ်ရေးဝန်ဆောင်မှုများဖြစ်ကြသည့် Telephone/ Mobile/ Fax/ Internet / E-mail/ Billing/ Data နှင့် ထပ်ဆောင်းဝန်ဆောင်မှုများတွင် ချို့ယွင်းမှု၊ မှားယွင်းမှုများဖြစ်ပေါ်ပါက မြန်ဆန်ထိရောက်စွာ ပြုပြင်ပေးနိုင်ရေးအတွက် **"ဆက်သွယ်ရေးချို့ယွင်းမှု တိုင်ကြားရေးဌာန–(၁၀၆)"** ကို နေပြည်တော်တွင် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍တိုင်ကြားလိုပါက ဒေသဆိုင်ရာ ချို့ယွင်းမှုပြုပြင်ရေးဌာနများအပြင် **"ဆက်သွယ်ရေးချို့ယွင်းမှုတိုင်ကြားရေးဌာန–(၁၀၆)"** သို့လည်း တိုက်ရိုက်ခေါ်ဆိုတိုင်ကြားနိုင်ပါသည်။

– **တယ်လီဖုန်းအမှတ်**	–	**၁၀၆**
– Fax	–	067-422106
– E-mail	–	106 @ .mptmail.net.mm
– **စာတိုက်သေတ္တာအမှတ်**	–	**၁၀၆ နေပြည်တော်**

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ် တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်ကိုသာ ရှေးရှုဆောင်ရွက်နေ အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၅၁ ဦးတို့ စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၉

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကျုံစိန်ကျေးရွာမှ ဦးတိုးအောင်၊ ဦးအေးသိန်းနှင့် ဦးဖိုးလယ်တို့ အပါအဝင် ပါတီဝင် ၁၄ ဦး၊ သာကွင်းကျေးရွာမှ ဦးစံဋ္ဌေး အပါအဝင် ပါတီဝင်သုံးဦး၊ ကွင်းကလေးကျေးရွာမှ ဦးလှဝင်းနှင့် ဦးကျော်၊ ဝါးခရယ်ကျေးရွာမှ ဦးသန်းညွန့်၊ ဦးတင်အောင်နှင့် ဦးသောင်းရွှေတို့ အပါအဝင် ပါတီဝင် ၁၅ ဦး၊ ရွှေဘိုရေကျော်ကျေးရွာမှ ဦးမြင့်အေးနှင့် ဦးကြွေ၊ ဝဲကြီးဝကျေးရွာမှ ဦးတူနီ၊ ဦးသိန်းမြင့်နှင့် ဦးသိန်းရွှေတို့ အပါအဝင် ပါတီဝင်ရှစ်ဦး၊ ကွန်တိုင်းကျေးရွာမှ ဦးတင်သိန်း၊ ဦးမျိုးသန်းနှင့် ဦးဝင်းကြည်တို့ အပါအဝင် ပါတီဝင်ငါးဦး၊ ပျဉ်းမငူကျေးရွာမှ ဦးခင်ကျော်နှင့် ဦးကြူခင်တို့ အပါအဝင် စုစုပေါင်း ပါတီဝင် ၅၁ ဦးတို့သည် စက်တင်ဘာ ၄ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကြကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ ပါတီဝင် ၅၁ ဦးတို့၏ နုတ်ထွက်လွှာတွင် NLD ပါတီသည် ပါတီနိုင်ငံရေးသန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုးတို့ ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေး လုပ်ရပ်ကိုသာ ရှေးရှုဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် NLD ပါတီ၏လုပ်ရပ်များကို စိတ်ပျက်လာပြီး ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့ကြောင်း၊ ထို့အပြင် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အီရတ်အများစုက လိုလားနေ

ဝါရှင်တန် စက်တင်ဘာ ၂၈

အမေရိကန်တပ်ဖွဲ့များက အီရတ်နိုင်ငံကို ကာကွယ်နေသည်ထက် ပြဿနာပိုမိုဖြစ်ပွားစေရန် နှိုးဆွနေခြင်းသာဖြစ်ပြီး တစ်နှစ်အတွင်း ၎င်းတပ်ဖွဲ့များ ရုပ်သိမ်းသင့်သည်ဟု လေးပုံသုံးပုံသော အီရတ်ပြည်သူများက ယုံကြည်နေကြကြောင်း ဗုဒ္ဓဟူးနေ့က ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို အီရတ်အများစုက လိုလားနှစ်သက်လင့်ကစား ယင်းတပ်ဖွဲ့ဝင်များအား ဆန့်ကျင်တိုက်ခိုက်မှုကို ထောက်ခံသူဦးရေ ပိုမိုတိုးပွားလာကြောင်း မေရီလန်းတက္ကသိုလ်မှ မူဝါဒ လေ့လာရေးအုပ်စုတစ်စုက လူပေါင်း ၁၁၅၀ ကို မေးမြန်းထားသည့် စစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်တမ်းတွင် တွေ့ရှိချက်သည် အမေရိကန် နိုင်ငံခြားရေးလေ့လာချက် စာတမ်းပါဖော်ပြချက်နှင့် တူညီနေသည်။ ဌာန၏ ယင်းလေ့လာချက်ကို ဝါရှင်တန်ပို့စ် သတင်းစာတွင် ဗုဒ္ဓဟူးနေ့က ဖော်ပြသော်လည်း နိုင်ငံခြားရေးဌာနက လူသိရှင်ကြားကြေညာခြင်းမရှိပေ။

ယင်းစစ်တမ်းတွင် အီရတ်အများစုက အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ အလျင်အမြန် ထွက်ခွာရန် လိုလားနေကြသည်ဟု ဖော်ပြထားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်တွင် ရောက်ရှိနေမှုကြောင့် အီရတ်နိုင်ငံကို ကာကွယ်ခြင်းထက် ပြဿနာ ပေါ်ပေါက်စေရန် မီးထိုးပေးခြင်းသာဖြစ်သည်ဟု ၇၈ ရာနှုန်းသော အီရတ်တို့က ယုံကြည်သည်ဟု မေရီလန်းတက္ကသိုလ် လူထုသဘောထား စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့စီးပွားရေး ဦးဆောင်မှု အာရှတိုက် အရေးပါ

စင်ကာပူ စက်တင်ဘာ ၂၈

ကမ္ဘာ့စီးပွားရေး၏ ဗဟိုအချက်အချာသည် အာရှတိုက်သို့ ပြောင်းလဲရောက်ရှိလာပြီဖြစ်ကြောင်း စင်ကာပူ အထက်တန်း တာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၇ ရက်က ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသော အပြည်ပြည်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေး နှစ်ပတ်လည်အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး လမ်ဗီဟွာက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကာလအတွင်း အာရှတိုက်၏ စီးပွားရေးမှာ မယုံနိုင်လောက်အောင် လျင်မြန်စွာ တိုးတက်လာကြောင်း၊ ယခုနှစ် နှစ်ဝက်တွင် ၁၁ ရာခိုင်နှုန်းအထိ ထူးထူးခြားခြား တိုးတက်လာမည်ဖြစ်ကြောင်း တင်ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှုကြောင့်၊ အခွင့်အလမ်းများရရှိရန် သင်္ဘောကုမ္ပဏီများက ကြိုးစားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံမှ ကဘူးမြို့ပြင်တွင် တပ်ဖွဲ့ဝင်များ အမြောက်ပစ်လေ့ကျင့်နေကြသည်ကို စက်တင်ဘာ ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဘယ်လ်ဂျီယံတပ်ဖွဲ့ဝင် ၁၄၀ လက်ဘနွန်သို့ ရောက်ရှိ

ဘေရွတ် စက်တင်ဘာ ၂၈

လက်ဘနွန်တောင်ပိုင်းတွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာ ပြောက်ကျားများ အပစ်အခတ်ရပ်စဲမှုကို လေ့လာစောင့်ကြည့်မည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရန် ဘယ်လ်ဂျီယံတပ်ဖွဲ့ဝင် ၁၄၀ ခန့်သည် ဗုဒ္ဓဟူးနေ့က ဘေရွတ်မြို့သို့ ရောက်ရှိလာသည်။

ဘယ်လ်ဂျီယံ တပ်ဖွဲ့ဝင်များသည် လက်ဘနွန်တောင်ပိုင်းတွင် ဖြန့်ကြက်ခြင်းမပြုမီ ၎င်းတို့အတွက် စစ်သုံးကိရိယာများ သင်္ဘောဖြင့်ရောက်ရှိလာမည့်အချိန်အထိ ဘေရွတ်တွင်စောင့်ဆိုင်းနေမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းမှုဖြင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်အင်အား ၅၁၀၀ ခန့်အထိ ရောက်ရှိလာကြောင်း လက်ဘနွန်လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကျူးဘား ကျန်းမာရေးဝန်ကြီးအား ဗီဇာပိတ်ပင်မှု အမေရိကန်အစိုးရအား ကျူးဘားသံတမန်ဝေဖန်

ဟာဗားနား စက်တင်ဘာ ၂၈

အမေရိကတိုက်လုံးဆိုင်ရာ ကျန်းမာရေးအဖွဲ့ (ပါဟို)ညီလာခံ တက်ရောက်နိုင်စေရေးအတွက် ကျူးဘားကျန်းမာရေးဝန်ကြီး ဟိုဆေးရေမွန်တာလေဂွာအား ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရန် အမေရိကန်အစိုးရက ငြင်းဆန်မှုနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုရှိ ကျူးဘား ထိပ်တန်းသံတမန်က အင်္ဂါနေ့တွင် လူရှင်သိကြား ရှုတ်ချပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံသည် ပါဟိုညီလာခံကို လက်ခံကျင်းပရာတွင် ၎င်း၏အခန်းကဏ္ဍအပေါ် ပြက်ရယ်ပြုလိုက်ခြင်းပင်ဖြစ်သည်ဟု ဝါရှင်တန်မြို့ရှိ ကျူးဘားသံရုံး၏ အကြီးအကဲဖြစ်သူ ဒါရိုကတိုရီးဒရီဂူအက်စ်က ဂရန်မာအမည်ရှိ သတင်းစာသို့ ပြောကြားသည်။

ကျူးဘား ကျန်းမာရေးဝန်ကြီးအား ပါဟိုညီလာခံသို့ တက်ရောက်ရန် အမေရိကန်က ပြည်ဝင်ခွင့် ဗီဇာထုတ်မပေးခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုပါက နှစ်ကြိမ်ရှိပြီဖြစ်သည်။ ယင်းညီလာခံသည် ယခုရက်သတ္တပတ်အတွင်း တနင်္လာနေ့မှ သောကြာနေ့အထိ ကျင်းပလျက်ရှိသည်။

ကျူးဘားနိုင်ငံက နိုင်ငံတကာသို့ ဆေးဝါးဆိုင်ရာ အကူအညီများပေးနေမှုကို ပိတ်ဆို့နိုင်ရန် လုပ်ဆောင်နိုင်သည်ဟု အမေရိကန်အစိုးရက ထင်မြင်နေသည်မှာ လုံးဝမှားယွင်းကြောင်း ရိုဒရီဂူအက်စ်က ပြောကြားသည်။

ညီလာခံကျင်းပနေစဉ်အတွင်း ပါဟိုက အမေရိကန်အစိုးရကို ရှုတ်ချသည့် လူသိရှင်ကြား ကြေညာချက်တစ်ရပ် ထုတ်ပြန်ပေးရန် ၎င်းက တိုက်တွန်းနှိုးဆော်လိုက်သည်။***အမ်အင်အေ၊ဆင်ဟွာ***

နိုင်ငံတကာသတင်းများ

ကမ္ဘာ့ဆွဲအားမဲ့အခြေအနေတွင် လူသားတစ်ဦးအား ပြင်သစ်ဆေးပညာရှင်များက ပထမဦးဆုံးအကြိမ် ခွဲစိတ်နေကြသည်ကို စက်တင်ဘာ ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ရေနံတင်သင်္ဘောသစ်လေးစင်း ကူဝိတ်တည်ဆောက်မည်

ကူဝိတ်စီးတီး စက်တင်ဘာ ၂၈

ကူဝိတ် ရေနံတင်သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ (ကေအိုတီစီ)သည် ရေနံတင် သင်္ဘောအသစ် လေးစင်း တည်ဆောက်သွားရန် အစီအစဉ်ရှိကြောင်း ကူဝိတ်သတင်းဌာနက ဗုဒ္ဓဟူးနေ့သတင်းတွင် ဖော်ပြသည်။

ထိုရေနံတင်သင်္ဘောများ၏ စုစုပေါင်း ရေနံသယ်ဆောင်နိုင်မှု စွမ်းပကားမှာ တန်ချိန် ၁ဒသမ၂သန်း ရှိမည်ဖြစ်ကြောင်း သတင်းဌာနက ဖော်ပြသည်။ ယင်းရေနံတင်သင်္ဘောများ အနက် တည်ဆောက်မှုစရိတ်သည် အသုံးပြုမည့်နည်းပညာနှင့် တပ်ဆင်ထားသော ပစ္စည်းအမျိုးအစားပေါ် မူတည်၍ တစ်စင်းလျှင် အမေရိကန်ဒေါ်လာ သန်း ၁၂၀မှ သန်း ၁၃၀အထိ ကုန်ကျဖွယ်ရှိကြောင်းသိရသည်။ ယခင်အခါက ရေနံတင်သင်္ဘောတစ်စင်း တည်ဆောက်မှု ကုန်ကျစရိတ်မှာ သန်း ၁၀၀ မျှရှိသည်။

ကမ္ဘာ့တစ်ဝန်းတွင် ရေနံတင်သင်္ဘော တည်ဆောက်ခြင်းဆိုင်ရာ ပစ္စည်းများ ဈေးနှုန်းမြင့် တက်လာခြင်းကြောင့် ရေနံတင်သင်္ဘော တည်ဆောက်မှု စရိတ်မှာလည်း ကြီးမားလာရခြင်းဖြစ်သည်ဟု ကူဝိတ် ရေနံတင်သင်္ဘော တည်ဆောက်မှုကုမ္ပဏီဥက္ကဋ္ဌ အဗ္ဗဒူလာအလ်ရှုမီက ပြောကြားသည်။

ယင်းရေနံတင်သင်္ဘောများကို တည်ဆောက်သွားရန်အတွက် လာမည့်လအနည်းငယ်အတွင်း တင်ဒါခေါ်ယူသွားမည်ဖြစ်ပြီး အရှေ့ဖျားဒေသမှ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းများ ပါဝင်ယှဉ်ပြိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အလ်ရှုမီက ပြောကြားသည်။

ကူဝိတ်နိုင်ငံသည် ရေနံတင်သင်္ဘောဟောင်းများကို အသုံးပြုနေခြင်းမှရပ်စဲပြီး ရေနံတင်သင်္ဘောအသစ်များဖြင့် အစားထိုးရန် ရေနံတင်သင်္ဘော အုပ်စုအသစ်ကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အေဂျီယန်ပင်လယ်၌ မော်တော်ဘုတ်နစ်မြုပ် ခြောက်ဦး သေဆုံး

အန်ကာရာ စက်တင်ဘာ ၂၈

တူရကီနိုင်ငံ အေဂျီယန် ပင်လယ်ကမ်းရိုးတန်းတွင် စက်တင်ဘာ ၂၆ ရက်က ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ အာရပ်လူမျိုးများ လိုက်ပါလာသည့် မော်တော်ဘုတ်တစ်စင်းသည် ဂရိနိုင်ငံသို့ ဦးတည်ခုတ်မောင်းလာစဉ် နစ်မြုပ်ခဲ့ရာ အာရပ်လူမျိုးခြောက်ဦး သေဆုံးကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

တူရကီ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် အစ်ဇမီယာဖို့ ကမ်းလွန်ပင်လယ်ပြင်တွင် ၃၁ ဦးကို ကယ်တင်ပေးခဲ့ပြီး ပျောက်ဆုံးသူနှစ်ဦးကိုလည်း ရှာဖွေလျက်ရှိသည်။

သေဆုံးသူခြောက်ဦးမှာ တူနီးရှားသုံးဦး၊ အီရတ်တစ်ဦး၊ အယ်လ်ဂျီးရီးယားတစ်ဦးနှင့် ပါလက်စတိုင်းတစ်ဦးတို့ဖြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်သော တူရကီနိုင်ငံသည် ဥရောပသို့ တရားမဝင် ပြောင်းရွှေ့ဝင်ရောက်လာ သူများအတွက် ကြားစခန်းအဖြစ် တည်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြားဖြတ်အစိုးရဖွဲ့စည်းရေး ထိုင်းတွင်ပြင်ဆင်

ဗန်ကောက် စက်တင်ဘာ ၂၉

ထိုင်းနိုင်ငံတွင် အာဏာသိမ်းစစ်ကောင်စီက ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ မကြာမီယင်းအစိုးရအဖွဲ့ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သောကြာနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ကတိပြုခဲ့

ထိုင်းနိုင်ငံတွင် ရက်သတ္တနှစ်ပတ်အတွင်း ကြားဖြတ်အရပ်သား အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးမည်ဟု အာဏာသိမ်းစစ်ကောင်စီက ကတိပြုခဲ့သည်။

အာဏာသိမ်း စစ်ကောင်စီသည် ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ပြီးနောက် ဥပဒေပညာရှင်များက ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အပြီးသတ် ရေးဆွဲလျက်ရှိသည်။ အဆိုပါဥပဒေမူကြမ်းကို အတည်ပြုချက်ရရှိရန် စနေနေ့တွင် ဘုရင်ထံသို့ တင်သွင်းမည်ဖြစ်သည်။

ကြားဖြတ်အစိုးရအဖွဲ့ကို စစ်ဘက်ဩဇာအာဏာအောက်တွင် ထားရှိနိုင်သည်ဟု ထိုင်းသတင်းဌာနများက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

မြန်မာနိုင်ငံအခြေအနေအား ကုလသမဂ္ဂလုံခြုံရေးကောင်စီဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခြင်းသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေ ပြည်သူများ လက်တွေ့ခံစားနေရသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မျက်ကွယ်ပြုရာရောက်

နေပြည်တော် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရ–လ–လ–ဖ)က သဘောထား ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ၂၅ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါသဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်–

ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရ–လ–လ–ဖ)၏ သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၆ ခု၊ စက်တင်ဘာလ ၂၅ ရက်။

၁။ မိမိတို့၏ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့(ရ–လ–လ–ဖ)သည် ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ ဒို့တာဝန်အရေး(၃)ပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

၂။ ထို့အပြင် နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကိုလည်း ကြိုဆိုထောက်ခံပြီး ဖြစ်ပါသည်။

၃။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်နေ့၌ မြန်မာနိုင်ငံအခြေအနေအား ဒေသတွင်းတည်ငြိမ်ရေးကို ခြိမ်းခြောက်နိုင်သည်ဟူသည့် စွပ်စွဲချက်ဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခြင်းသည် နိုင်ငံတော်အစိုးရနှင့် မိမိတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတော်အကျိုးပြုလုပ်ငန်းစဉ်များကို ပျက်စီးစေသည့်အပြင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်နေမှုနှင့် ဒီမို ကရေစီ ဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေပါသည်။

၄။ ဤဆုံးဖြတ်ချက်သည် ကျွန်ုပ်တို့အဖွဲ့အစည်းနှင့်တကွပြည်သူများလက်တွေ့ ခံစားနေရသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ကွယ်ပြုရာရောက်ကြောင်း ထင်ရှားပါသည်။

၅။ ၎င်းဆုံးဖြတ်ချက်ဖြင့် အမေရိကန်မှ ကမ္ဘာ့ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုအား လက်မခံကြောင်းနှင့် ရှုတ်ချကန့်ကွက်ပါကြောင်း ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရ–လ–လ–ဖ)၏ သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးခွန်ချစ်မောင်
ဥက္ကဋ္ဌ
ရှမ်းပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးအဖွဲ့
(ရ–လ–လ–ဖ–S.N.P.L.O)

မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု ကမ္မဋ္ဌာနာစရိယ အောင်လက်မှတ်ဆက်ကပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သော "Mahasi International Meditation teachership" စာမေးပွဲကို အရည်အချင်းပြည့်မီစွာ အောင်မြင်တော်မူကြသည့် သံဃာတော်သုံးပါးအား ၁၃၆၈ခုနှစ် တော်သလင်းလပြည့်၊ စက်တင်ဘာ ၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီခွဲတွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်းရှိ မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သင်တန်းဌာန မဟာဂန္ဓာရုံကျောင်းတိုက်၌ အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်းအနား ကျင်းသည်။

အခမ်းအနားတွင် မဟာစည် နာယကဆရာတော် ဘဒ္ဒန္တဇဋိလမဟာထေရ်မြတ်က ဩဝါဒကထာမြွက်ကြားပြီး စာအောင်သံဃာတော်များဖြစ်ကြသည့် ဘဒ္ဒန္တ ဥက္ကံသ(သာသနဓဇ ဓမ္မာစရိယ) (ဝိနယာဓိက ဓမ္မာစရိယ)၊ (ဝိနယဝိဒူ)၊ ဘဒ္ဒန္တ တေဇိန္ဒ (သာသနဓဇ ဓမ္မာစရိယ) (သာသနပါလ ဓမ္မာစရိယ) M.A. Varanasi. (BHU) (Dip-in English. Dip-in B.Dh (SIBA) နှင့် ဘဒ္ဒန္တပညောဘာသ (သာသနဓဇ ဓမ္မာစရိယ) (LL.B ဥပဒေဝိဇ္ဇာဘွဲ့)တို့အား အောင်လက်မှတ်ချီးမြှင့်သည်။

ယင်းနောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမ (ရွှေပုဇွန်)မိသားစုတို့က စာအောင်သံဃာတော်များနှင့် ပင့်သံဃာ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး ပူဇော်ပွဲအတွက် လှူဒါန်းကြသည်။ မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်ခင်နွဲ့ရီအား အမှူးထားလျက် သား ဒေါက်တာဦးတင့်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်နှင့် ရွှေပုဇွန်မိသားစုက လှူဒါန်းငွေကျပ် ၉၉၃၃၀၀ နှင့် ယောဂီများမှ လှူဒါန်းငွေကျပ် ၂၃၇၀၀၀တို့အတွက် မဟာစည်နာယက ဆရာတော် ဘဒ္ဒန္တဇဋိလ မဟာထေရ်မြတ်က ရေစက်ချတရား ချီးမြှင့်ပေးတော်မူသည်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာ ရဟန်းတော်များ သီတင်းသုံးတော်မူရန် အသစ်ဆောက်လုပ်မည့် သုံးထပ်ဆောင် ကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် (ဂွတ္တလစ်) မှန်ရဝေလမ်းနေ ကျောင်းအလှူရှင် ဦးသန်းဝင်း–ဒေါ်ရှုရိန် မိသားစုက အလှူတော်ငွေ ကျပ် ၁၀၀၀၀၀ ကို ဓမ္မဒူတ ဆရာတော် အရှင်ဆေကိန္ဒ၏ ရှေ့မှောက်၌ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဒေါ်မြရှင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့် မွမ်းမံသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့်မွမ်းမံသင်တန်း အမှတ်စဉ်(၂/၂၀၀၆)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးချုပ် သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် တက်ရောက် အမှာစကားပြောကြားပြီးဖွင့်လှစ်ပေးသည်။ သင်တန်းဆင်းပွဲသို့ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား ၅၀ တက်ရောက်ကြပြီး **(အပေါ်ပုံ)** သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်သည်။ (ကြေးမုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဦးလွန်းလမ်းနေ ဦးမြသောင်း (ဒေါ်တင်ရွှေ) မိသားစုက ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းငါးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၉–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	လျှပ်စစ်ဓာတ်အား သုံးစွဲသူများသို့အသိပေးချက်
၇း၃၀	တေးဂီတအစီအစဉ်
၇း၃၅	တစ်ပတ်အတွင်း အားကစားသတင်း
၇း၅၀	ကြယ်စင်မောင်နှမနှင့် တွေ့ဆုံခြင်း
၈း၁၀	ပြည်တွင်းသတင်းအကျဉ်း
၈း၂၅	နိုင်ငံတကာအနုပညာရေးရာ
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	အသည်းခြောက်ရောဂါနှင့် ပင့်ကူမျှင် သွေးကြော (အပိုင်း–၂) ဒေါက်တာခင်မောင်ဝင်း)
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ရန်ကျော်၊ မေခလာ)
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဆရာချစ်စံဝင်း)
၁၀း၂၅	ယနေ့သိပ္ပံနှင့် နည်းပညာ
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	ဂုန်လျှော်နှင့် ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ဂီတရေစီးကြောင်းထဲက ဂီတာ
၁၁း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

အချိန်	**ပွဲစဉ်**	**ပြသမည့်လိုင်း**
၅း၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၅း၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports (Live)
၆း၁၀	Bolton-Liverpool	5-Sports (Live)
၈း၂၅	Charlton-Arsenal	5-Sports (Live)
	Chelsea-Aston Villa	5-Series (Live)
	Everton-Man City	5-Cartoons(Live)
၁၀း၄၀	Sheffield United-Middlebrough	5-Series(Live)

Series-A ဘောလုံးပွဲစဉ်

၁၁း၃၀	Atalanta-Reggina	5-Sports (Live)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

မြန်မာနိုင်ငံ၌ သက်ဝင်ယုံကြည်မှုအတိုင်း ကိုးကွယ်ခွင့်ရှိသည်ကို မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊အေ၊ဂမ်ဘာရီနှင့် အဖွဲ့ဝင်များ ကိုယ်တွေ့မျက်မြင် သိရှိသွားခဲ့သည်ကို ဤသို့ တွေ့ရမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ အဓိကဘာသာများအကြား ပြဿနာကြီးကြီးမားမားတစ်စုံတစ်ရာမရှိဘဲ နိုင်ငံတော်အစိုးရအနေဖြင့် ခွဲခြားဖိနှိပ်မှုမရှိသည့်အပြင် တူညီသောထောက်ပံ့မှုများ ပေးထားသဖြင့် ဘာသာဝင်များအားလုံး အေးအတူပူအမျှ လက်ရည်တစ်ပြင်တည်း နေထိုင်လျက်ရှိပုံကိုဖော်ပြသည့် မြင်ကွင်းတစ်ခုအား ဤသို့တွေ့ရမည်ဖြစ်သည်။(သတင်းစဉ်)

အစီရင်ခံစာပါ စွပ်စွဲချက်များသည် ကမ္ဘာပေါ်တွင် သာယာအေးချမ်းဖွယ်မဟုတ်သော နိုင်ငံအသွင် ရှုမြင်စေလိုသည့် ဆန့်ကျင်ဘက် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ အခြေအမြစ်မရှိသည့် ပြောကြားချက်၊ အစီရင်ခံစာတို့မှ ရယူထား

❍ **အမေရိကန်မှ**

နားလည်ရိုင်းပင်း၍ သဟဇာတရှိကြစေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့်လည်း ဆန့်ကျင်ဖီလာဖြစ်နေပါသည်။

အစီရင်ခံစာပါ စွပ်စွဲချက်များသည် မြန်မာနိုင်ငံအား ကမ္ဘာပေါ်တွင် သာယာအေးချမ်းဖွယ် မဟုတ်သောနိုင်ငံအသွင်ရှုမြင်စေလိုသည့် အချို့သော ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများတို့၏ အခြေအမြစ်မရှိသည့် ပြောကြားချက်၊ အစီရင်ခံစာတို့မှ ကိုးကားရယူထားခြင်းဖြစ်ကြောင်း စိတ်ပျက်ဖွယ်ရာတွေ့ရှိရပါသည်။ ၎င်းတို့၏ ဖျက်လိုဖျက်ဆီးလုပ်လိုသည့်သဘောထား၊ လက်တွေ့မကျသောမျှော်လင့်ချက်များနှင့် တာဝန်မဲ့သော လုပ်ဆောင်မှုများသည် မြန်မာနိုင်ငံအား ကမောက်ကမဖြစ်နေသည့်နိုင်ငံဟု ထင်မြင်စေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပါသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ရှိပြီး အစိုးရအနေဖြင့် ဘာသာမတူ သက်ဝင်ယုံကြည်သူများ သဟဇာတဖြစ်စေရန် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် ဘာသာရေးဆိုင်ရာကိစ္စများတွင် အားနည်းသည်ဟု ထင်မြင်မှတ်ကာအစိုးရသည် ဘာသာရေးလုပ်ငန်းများကို ကန့်သတ်တားမြစ်သည်၊ ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်သည်ဟု စွပ်စွဲပါက မှားယွင်းပေလိမ့်မည်။ မြန်မာနိုင်ငံတွင် ခရစ်ယာန်၊ မူဆလင်နှင့်ဟိန္ဒူဘာသာဝင်များသည် အများစုဖြစ်သော ဗုဒ္ဓဘာသာဝင်များရရှိသည့် ဘာသာရေးဆိုင်ရာပွဲတော်များ ကျင်းပခွင့်၊ ဘာသာရေးဆိုင်ရာစာအုပ်နှင့် ပြက္ခဒိန်များ ထုတ်ဝေခွင့်များကို ညီတူမျှတူရရှိပါသည်။ ပြည်တွင်း၌သက်ဝင်ယုံကြည်မှုအတိုင်း ကိုးကွယ်ခွင့်၊ ဆောင်ရွက်ခွင့်ရရှိသကဲ့သို့ ပြည်ပတွင်သက်ဆိုင်ရာဘာသာရေးအခမ်းအနားများ တက်ရောက်ခြင်း၊ဘုရားဖူးသွားခြင်းတို့ကိုလည်းခွင့်ပြုထားပါသည်။ အဓိက ဘာသာများအကြား ပြဿနာကြီးကြီးမားမား တစ်စုံတစ်ရာမရှိဘဲ နိုင်ငံတော်အစိုးရအနေဖြင့် ခွဲခြားဖိနှိပ်မှုမရှိသည့်အပြင် တူညီသောထောက်ပံ့မှုများ ပေးထားသဖြင့် ဘာသာဝင်များအားလုံး အေးအတူပူအမျှ လက်ရည်တစ်ပြင်တည်း နေထိုင်လျက်ရှိပါသည်။

> မြန်မာနိုင်ငံတွင် ခရစ်ယာန်၊ မူဆလင်နှင့်ဟိန္ဒူဘာသာဝင်များသည် အများစုဖြစ်သော ဗုဒ္ဓဘာသာဝင်များ ရရှိသည့် ဘာသာရေးဆိုင်ရာပွဲတော်များ ကျင်းပခွင့်၊ ဘာသာရေးဆိုင်ရာစာအုပ်နှင့် ပြက္ခဒိန်များ ထုတ်ဝေခွင့်များကို ညီတူမျှတူရရှိပါသည်။ ပြည်တွင်း၌သက်ဝင်ယုံကြည်မှုအတိုင်း ကိုးကွယ်ခွင့်၊ ဆောင်ရွက်ခွင့်ရရှိသကဲ့သို့ ပြည်ပတွင် သက်ဆိုင်ရာဘာသာရေး အခမ်းအနားများ တက်ရောက်ခြင်း၊ဘုရားဖူးသွားခြင်းတို့ကိုလည်းခွင့်ပြုထားပါသည်။

အစီရင်ခံစာတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ကိုးကွယ်သည့်ဘာသာပြောင်းလဲစေရန် အတင်းအကျပ် ဆောင်ရွက်ခြင်းများမရှိကြောင်းနှင့် ဗုဒ္ဓဘာသာအား နိုင်ငံတော် ဘာသာအဖြစ် သတ်မှတ်ထားခြင်းမရှိကြောင်းကိုမူ မှန်ကန်စွာဖော်ပြအသိအမှတ်ပြုထားပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် ဘာသာဝင် များအကြား သဟဇာတရှိခြင်းသည် မြန်မာ့လူမှုစရိုက်လက္ခဏာအဖြစ် အများက အသိအမှတ်ပြုလက်ခံထားကြပါသည်။ ဘာသာရေးအကြောင်းပြချက်ဖြင့် ခွဲခြားဆက်ဆံမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများလည်း မရှိပါ။

အစီရင်ခံစာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များအား ပြည်ပရှိဘာသာတူအဖွဲ့အစည်းများနှင့် အဆက်အသွယ်ထူထောင်ခွင့်နှင့် ဘာသာရေးရည်ရွယ်ချက်ဖြင့် နိုင်ငံရပ်ခြားသို့ ခရီးသွားလာခွင့် ပြုထားကြောင်းကိုလည်း အသိအမှတ်ပြုဖော်ပြထားပါသည်။မြန်မာနိုင်ငံရှိ အဓိကဘာသာကြီး လေးခုမှ ခေါင်းဆောင်ကြီးများအား ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဘာသာဝင်အားလုံး၏ အစည်းအဝေးသို့ တက်ရောက်ခွင့်ပြုခဲ့ပါသည်။

ဘာသာရေးသည် မျက်မှောက်နိုင်ငံတကာရေးရာကိစ္စရပ်များတွင် သိမ်မွေ့နက်နဲပြီး ပြဿနာဖြစ်လွယ်သော ကိစ္စရပ်ဖြစ်သည်မှာ ငြင်းဆိုနိုင်ဖွယ် မရှိသောအချက်ဖြစ်ပါသည်။ မြန်မာအစိုးရအနေဖြင့် အဆိုပါအစီရင်ခံစာပါ စွပ်စွဲချက်များသည် တရားမျှတမှုမရှိဘဲ နိုင်ငံအပေါ်ဖိအားပေးရန်နှင့် နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက် ဖက်ရန်ရည်ရွယ်သည့် နိုင်ငံရေးကစားကွက်တစ်ခုသာဖြစ်သည်ဟုခံယူပါသည်။

ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြေအမြစ်မရှိသော အချက်အလက်များအပေါ် အခြေခံကာ သတ်မှတ်ဆုံးဖြတ်ထားသည့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန ဒီမိုကရေစီလူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရိုမှ ထုတ်ပြန်ခဲ့သည့် “၂၀၀၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာဘာသာရေးလွတ်လပ်ခွင့်အစီရင်ခံစာ”ကို လုံးဝပယ်ချပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

၂၀၀၆ခုနှစ်၊ စက်တင်ဘာ၂၉ရက်

ရခိုင်ကမ်းလွန်ရေနံ တူးဖော်ရေးလုပ်ငန်းများ တိုင်းတာရေးကိရိယာများ ချထားစဉ် ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E&P Myanmar သည် ရခိုင်ကမ်းလွန်၌ ရေနံတူးဖော် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် (A-1) နှင့် (A-3) တို့တွင် Processing Facilities များ တည်ဆောက်သည့်အခါ အထောက်အကူပြု အချက်အလက်များဖြစ်သည့် ရေအောက် အပူချိန်၊ ပင်လယ်ရေလှိုင်း အမြန်နှုန်းနှင့် အမြင့်တို့အား သိရှိနိုင်ရန်အတွက် ပင်လယ်ရေအောက်ကြမ်းပြင်တွင် တိုင်းတာရေးကိရိယာများကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၉ရက်မှ ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၈ရက်အထိ တစ်နှစ်ပတ်လုံးထားရှိ တိုင်းတာသွားမည်ဖြစ်သည်။

တိုင်းတာရေးကိရိယာများ ချထားတိုင်းတာမည့်ဧရိယာတည်နေရာများမှာ Point-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၇ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၁ မိနစ် ၃၈ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၈ မိနစ် ၀၆ စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၅၁ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၉ မိနစ် ၄၆ စက္ကန့်နှင့် Point-4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၁၆ စက္ကန့်တို့ အတွင်းတွင်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် (A-1)နှင့် (A-3)တို့တွင် ပင်လယ်ရေအောက် ကြမ်းပြင်၌ တိုင်းတာရေး ကိရိယာများ ချထားစဉ်ကာလအတွင်း တိုင်းတာရေးပစ္စည်းများ ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ပန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

၁၉၉၂ခုနှစ် ဥပဒေဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

၁၉၈၄–၈၅ပညာသင်နှစ်မှစ၍ ဥပဒေပညာသင်ကြားခဲ့ပြီး ၁၉၉၂ခုနှစ်တွင် ဥပဒေဘွဲ့ရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်မည်ဖြစ်သည်။

ကျောင်းသားကျောင်းသူဟောင်းများသည် ဖြစ်မြောက်ရေး ကော်မတီဝင်များဖြစ်ကြသည့် ဦးထွန်းထွန်းစိုး ၀၂–၆၀၇၂၂၊ ဦးခင်မောင်လွင် ၀၂–၈၈၁၉၂၊ ဦးဝင်းနိုင် ၀၉–၈၀၃၄၈၁၇၊ ၀၁–၅၁၂၂၆၅၊ ဦးဝင်းနိုင်(တောင်ငူ) ၀၅၄–၂၅၆၃၅၊ ဦးတင်မောင်ဆွေ ၀၉–၅၀၀၄၇၇၅၊ ဦးဇော်ဝင်းထွန်း ၀၉–၅၁၀၈၇၆၄၊ ဦးတင့်နေထွန်း ၀၉–၅၁၂၂၀၉၀၊ ဦးတင့်ဝေ ၀၉–၅၁၀၁၆၆၈၊ ဦးတင်အောင်ကျော် ၀၉–၅၃၁၁၀၃၅၊ ဒေါ်မိခင်စောအောင် ၀၉–၅၁၁၈၇၇၁၊ ဒေါ်သီတာမြင့် ၀၁–၅၃၆၅၃၉ တို့ထံ ဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။ (က–ပ)

❖ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ညနေ ၆ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Muက အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့် အားလျော်စွာ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၆ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီး အဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

လက်မှတ်ရေးထိုး

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန် အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ-နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျိုဆေး၊ လူဝီစ်ဂူတေမော့စ်တို့က ၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ (သတင်းစဉ်)

ကမ္ဘာ့ဆရာများနေ့

WORLD TEACHERS' DAY

အောက်တိုဘာလ ၅ ရက်

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကွန်ပျူတာသင်တန်းဆင်းပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်ခဲ့သော ကွန်ပျူတာအခြေခံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပြည့်)နှင့် ကွန်ပျူတာ မွမ်းမံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း) သင်တန်းဆင်းပွဲတို့ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး ကွန်ပျူတာ အခြေခံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပြည့်) သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများအားလည်းကောင်း၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက ကွန်ပျူတာ မွမ်းမံသင်တန်း (၂/၂၀၀၆-၂၀၀၇) (အချိန်ပိုင်း)သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား လည်းကောင်း ဆုများနှင့် အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းသင်တန်းများကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၅၉ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းအထူးသတင်း

ရန်ကုန် စက်တင်ဘာ ၂၉

ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ယမန်နေ့ ညပိုင်းတွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန် တိုင်းထွာချက်များအရ အဆိုပါမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

သိမ်ဆိပ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဒုတိယအကြိမ် အာစရိယ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ အစိုးရမူလတန်းကျောင်း (သာသနာ့ပင်ကျောင်း) အဖြစ်အစပြုခဲ့သော သိမ်ဆိပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ဆရာမကြီး ဒေါ်သောင်းခင်(၉၂)နှစ်၊ ဦးထွန်းတင်(၈၇)နှစ်၊ ဒေါ်ဖွားစိန်(၇၉)နှစ်၊ ဦးစံဟိန်(၇၈)နှစ် အပါအဝင် အသက်(၆၀)ပြည့်နှစ်အထက် ဆရာကြီး၊ ဆရာမကြီး ၂၉ ဦးအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

၂၀၀၅ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် ဒေါ်ခင်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၂၂၁၂၄၇၊ ၀၁-၂၂၅၁၃၉၊ ဒေါ်တင်လွှမ်(ရန်ကုန်) ဖုန်း-၀၉၅၁၃၉၇၅၄၊ ဒေါ်နန်းစောလှိုင်(မော်လမြိုင်) ဖုန်း-၀၅၇-၂၁၈၃၄၊ ဦးထွန်းအောင်(ကျောင်းအုပ်ကြီး)ဖုန်း-၈၀၊ ဦးထွန်းဝင်း ဖုန်း-၁၅၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❀ သခင်(အလုပ်ရှင်)မှ

ဝစ္စာကျွေးမွေး၊ ပြုရေးစီရင်

နာလျှင်ကုစေ၊ ငွေဝေရသာ

အခါကိုလွတ်၊ အရှင်ဝတ်မချွတ်ငါးခုသာ

ဟု လင်္ကာစပ်ဆိုထားပါသည်။

ဤသို့အားဖြင့် သခင်(အလုပ်ရှင်)များဘက်က မိမိတို့၏ လုပ်သားများအပေါ်တွင် အင်္ဂါငါးရပ်နှင့်အညီ တာဝန်ကျေစွာ ဆောင်ရွက်ပေးမည်ဆိုပါက အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဝချစ်ကြည်ကြ၍ လုပ်ငန်းများကို တိုးတက်ကြီးပွားပြီး အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးစလုံး ကောင်းကျိုးချမ်းသာ ရကြမည်မှာ မလွဲသာတည်း။ **(သာသနာရေး)**

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ ခုနစ်ရက် အဓိဋ္ဌာန်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် ထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန တန့်ကြည့်တောင် ဝိပဿနာရိပ်သာ (ရန်ကုန်)သို့ ကြွရောက်ပြီး (၂၆)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲများ ကျင်းပမည်ဖြစ်သည်။

ပထမပတ် အဓိဋ္ဌာန်ပွဲကို အောက်တိုဘာ ၅ ရက် ညနေမှ အောက်တိုဘာ ၁၂ ရက် နံနက်အထိ လည်းကောင်း၊ ဒုတိယပတ် အဓိဋ္ဌာန်ပွဲကို အောက်တိုဘာ ၁၂ ရက် ညနေမှ ၁၉ ရက် နံနက်အထိ လည်းကောင်း ဟောကြားပြသမည်ဖြစ်ရာ အဓိဋ္ဌာန်ပွဲ ဝင်ရောက်လိုသူများသည် ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း-၆၃၈၀၈၈ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နေပြည်တော်တွင် အငှားယာဉ် ဝန်ဆောင်မှုပေးမည်

နေပြည်တော် စက်တင်ဘာ ၂၉

နေပြည်တော်တွင် ယာဉ်ငယ်များ ငှားရမ်းအသုံးပြုနိုင်ရန်အတွက် မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ပို့ဆောင်ရေးဌာနခွဲက ဆောင်ရွက်ပေးလျက်ရှိသည်။ ယာဉ်များမှာ မတ်တူးနှင့် ဘလူးဘတ်(စ်)ယာဉ်ငယ်များဖြစ်ပြီး ယာဉ်ငှားရမ်းခမှာ ပထမလေးနာရီတွင် ငွေကျပ်နှစ်သောင်း၊ ဒုတိယလေးနာရီအတွက် ငွေကျပ်တစ်သောင်းနှင့် ထပ်မံသုံးစွဲလိုပါက တစ်နာရီလျှင် ငွေကျပ် တစ်သောင်းဖြစ်ကြောင်းနှင့် ငှားရမ်းလိုပါက ဖုန်း-၀၆၇-၂၂၀၉၃၊ ၀၆၇-၄၀၆၀၆၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ အတီးပြိုင်ပွဲ

၈း၀၅ ၆။ တေးဂီတအစီအစဉ်

၈း၂၀ ၇။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ

၈း၃၀ ၈။ International News.

၈း၄၅ ၉။ Grammar Made Easy.

၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး

၁၁း၁၅ ၂။ ပြည်တွင်းသတင်း

၁၁း၂၅ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂း၁၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဆည်းဆာ” (အပိုင်း-၁၈)**

၁း၀၀ ၅။ **“စိတ်၏စေရာ ၃၀၂” (နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွဋ်)**

၂း၃၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၂း၃၅ ၇။ **“ပြေးပြေးလွှားလွှား သွားသွားလာလာ” (မောင်မောင်မြင့်၊ မအေးမြင့်၊ စိန်ဂွက်ထော်၊ မောင်မောင်မျိုးသန့်) (ဒါရိုက်တာ-မောင်မောင်မြင့်)**

၂း၄၅ ၈။ International News.

၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)**

၄း၄၅ ၄။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၀-၁၅နှစ်) (အမျိုးသား၊ အမျိုးသမီး)

၅း၀၀ ၅။ ချစ်စရာ့အရွယ် ကစားကြမယ်

၅း၃၀ ၆။ ဘဝနိဂုံး ပြုံးပန်းတစ်ရာ

၆း၀၀ ၇။ ညနေခင်းသတင်း

၆း၃၀ ၈။ မိုးလေဝသအခြေအနေ

၆း၃၅ ၉။ အလှရှာမယ် လှကမ္ဘာဝယ်

၇း၀၀ ၁၀။ Discovery.

၇း၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ဟောမန်ဆောင်းရဲ့နေ့ရက်များ” (အပိုင်း-၁၁)**

၇း၅၀ ၁၂။ ပြည်သူတို့၏သဘောထား (အပိုင်း-၃)

၈း၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာပန်းတိုင်” (အပိုင်း-၂၃)**

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

ဒိုင်ယာလော့ခ်အစစ်နဲ့ ဒိုင်ယာလော့ခ်အတုအယောင်တို့ရဲ့ သရုပ်သကန်

ဦးမြကျော်

အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံတိုင်းမှာ အဲဒီအချုပ်အခြာအာဏာနဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်(စီမံခန့်ခွဲ)ရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေကို မည်သူ၊ မည်ဝါ၊ မည်သည့် အဖွဲ့အစုက မည်သို့ကိုင်တွယ်ကျင့်သုံးရမယ်ဆိုတဲ့ စည်းကမ်းချရတယ်။ အဲဒီ အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံသား တွေရရှိခံစားရမယ့် နိုင်ငံသားအခွင့်အရေးတွေကို ပြဋ္ဌာန်းပေးရတယ်။ အဲဒီစည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်တွေကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေလို့ ခေါ်ကြတာဖြစ်ပါတယ်။

သူတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝရောက်နေတဲ့ နိုင်ငံ(ကျွန်နိုင်ငံ)များမှာတော့ သိမ်းပိုက်ကျွန်ပြုတဲ့ နယ်ချဲ့သမားအစိုးရက အချုပ်အခြာအာဏာကို စိတ်ကြိုက်ကိုင်တွယ်ပြီး အဲဒီနိုင်ငံသားတွေရဲ့ အခွင့်အရေးကိုမပေးဘူး၊ ဖိနှိပ်ထားတယ်။ စိတ်ကြိုက်ဥပဒေပြဋ္ဌာန်းပြီး မလှုပ်နိုင်အောင်ဖိတယ်။ သခင်နဲ့ကျွန်ပုံစံနဲ့ အုပ်ချုပ်တယ်။ ကျွန်တွေကိုထောင်ချ၊ ကြိုးပေးတဲ့ တရားစီရင်ရေးကိုပဲ ကျင့်သုံးတယ်။ ဒါ့ကြောင့် မြန်မာတွေဟာ နယ်ချဲ့အင်္ဂလိပ် (ဗြိတိသျှ) တို့လက်က မြန်မာ့လွတ်လပ်ရေး ပြန်တိုက်ယူခဲ့ကြတာဖြစ်တယ်။

အင်္ဂလိပ်က လွတ်လပ်ရေးမပေးချင်ဘဲ ပေးရတော့မယ့်အခါ မြန်မာတွေမှာ အခြေခံဥပဒေရှိရမယ်၊ ဒါမှ အချုပ်အခြာအာဏာ ပြန်လွှဲပေးမယ်ဆိုလို့ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖုတ်ပူမီးတိုက်ရေးဆွဲခဲ့ရတယ်။ လွတ်လပ်ရေးနေ့ (၄-၁-၄၈) ပထမဆုံး လွှတ်တော်အစည်းအဝေးမှာ အတည်ပြုခဲ့ရတယ်။ အပူတပြင်းရေးဆွဲခဲ့ရတဲ့ အဲဒီအခြေခံဥပဒေမှာ ပြည်နယ်တွေ ခွဲထွက်ခွင့် ပါသွားခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ ဖက်ဒရယ်လှုပ်ရှားမှုနဲ့ ပြည်ထောင်စု အစိတ်စိတ်ကွဲပြီး အမေရိကန်ဆီးတိုးစစ်အုပ်စု ကွန်ရက်ထဲ ကျလုဆဲဆဲမှာ ပြည်ထောင်စုမပြိုကွဲရအောင်၊ ကျွန်ပြန်မဖြစ်ရအောင် တပ်မတော်နဲ့ပြည်သူ လက်တွဲကာကွယ်ခဲ့ရတယ်။

၁၉၇၄ ခုနှစ်မှာတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက လူထုအကြံဉာဏ်သုံးကြိမ်ယူ၊ မူကြမ်းနှစ်ကြိမ်ချပြပြီး ပြည်သူ့ဆန္ဒခံယူမှုမဲပေးသူ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရဲ့ ထောက်ခံမဲနဲ့အတည်ပြုခဲ့တယ်။ ဆိုရှယ်လစ်စနစ် တည်ဆောက်နေတဲ့ ခေတ်ကာလဆိုတော့ ဆိုရှယ်လစ်အခြေခံမူတွေက လွှမ်းခဲ့တာပေါ့။ အဲဒီ ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၈၈ ခုနှစ် ဆူပူမှုမှာ မကြိုက်ကြတော့ပြန်ဘူးဆိုလို့ ဘေးဖယ်ထားခဲ့ရပြန်တယ်။

၁၉၉၀ ပြည့်နှစ် မေလမှာ တပ်မတော်အစိုးရကပါတီစုံ ရွေးချယ်တင်မြှောက်ပွဲကျင်းပပေးတယ်။ ရွေးကောက်ပွဲ မကျင်းပမီကတည်းက အဲဒီရွေးကောက်ပွဲမှာ ရွေးချယ်ခံရသူတွေအနေနဲ့ နိုင်ငံမှာ လုံးဝမရှိသေးတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲကြရမယ်လို့ ကြိုပြောခဲ့တယ်။ သတင်းစာရှင်းလင်းပွဲတွေမှာ ကြိုပြောခဲ့တယ်။ နိုင်ငံတော်ရဲ့ ၁/၉၀ ကြေညာချက်မှာလည်း အဲဒီတာဝန်ကို ဖော်ညွှန်းရှင်းပြထားတယ်။ ပြည်ထောင်စုသားအားလုံးဆီက ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းတည်ရှိတဲ့ လွတ်လပ်ရေးရဲ့သင်္ကေတ အချုပ်အခြာအာဏာကို စည်းကမ်းတကျ ရေးဆွဲထားတဲ့ အခြေခံဥပဒေမရှိဘဲ ပုဂ္ဂိုလ်တစ်ဦး၊ လူတစ်စု၊ ပါတီအဖွဲ့အစည်းတစ်ခုလက်ထဲ ဟင်းရွက်ကန်စွန်းလို ဘယ်လွှဲပေးနိုင်ပါ့မလဲ။ လွတ်လပ်ရေးပေးခါနီးတုန်းက မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံရှိမှ လွတ်လပ်ရေး (အချုပ်အခြာအာဏာ) ပြန်လွှဲပေးမယ်လို့ ပြောခဲ့တာလဲ ဒီသဘောပဲ မဟုတ်လား။

နိုင်ငံတည်ငြိမ်အောင်၊ ပြည်တွင်းငြိမ်းချမ်းအောင်လုပ်ပြီး အခြေအနေတိုးတက်လာတဲ့ ၁၉၉၂ ခုနှစ် ဇွန်လမှာ အစိုးရကိုယ်စားလှယ် အရေအတွက်ရဲ့ နှစ်ဆရှိတဲ့ NLD ကိုယ်စားလှယ်၊ S NLD၊ တစည စတဲ့ တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီကိုယ်စားလှယ်တွေနဲ့ အခြေခံဥပဒေပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးကြ၊ သဘောတူခဲ့ကြတယ်။ အဲဒီတုန်းက သဘောတူခဲ့ကြတဲ့မှုအတိုင်း ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ အမျိုးသားညီလာခံကြီး စတင်ကျင်းပခဲ့တယ်။

နိုင်ငံရေးပါတီ ၁၀ ခုက ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်များ အစုအဖွဲ့၊ (NLD က အများဆုံး ၁၀၀ နီးပါး)၊ တိုင်းရင်းသားကိုယ်စားလှယ်များ အစုအဖွဲ့ (ပြည်ထောင်စုအနှံ့ ဒေသစုံ၊ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စား လှယ်များပါဝင်တယ်)၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ (လုပ်ငန်းစုံမှ အလုပ်သမားကိုယ်စားလှယ်များ)၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ (ဒေသစုံမှ တောင်သူရော လယ်သမားပါ)၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ (ပါမောက္ခကြီးတွေ၊ ဥပဒေပညာရှင်တွေ၊ အင်ဂျင်နီယာကြီးတွေ၊ ဆရာဝန်ကြီးတွေ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ ရိုးရာပန်းပညာရှင်စတဲ့ အနုပညာရှင်တွေ၊ ပညာရေးနယ်ပယ်မှ ပညာရှင်တွေ)၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့(ဝန်ကြီးဌာနစုံ၊ အလုပ်ဌာနစုံက ဝန်ထမ်းတွေ)၊ အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်များအစုအဖွဲ့ (ငြိမ်းချမ်းရေးယူခဲ့တဲ့ တိုင်းရင်းသားအဖွဲ့များက ကိုယ်စားလှယ်တွေ၊ စာပေပညာရှင်၊ သမိုင်းပညာရှင်၊ သံတမန်ဟောင်းတွေ၊ အခြားပညာရှင်ကြီးတွေ)နဲ့ ကျင်းပခဲ့တာပါ။ ကိုယ်စားလှယ် ၇၀၂ ယောက် ရှိခဲ့တယ်။ ကျိုက္ကဆံကွင်းမှာ ကျင်းပပါတယ်။

ညီလာခံကိုယ်စားလှယ်များရဲ့ စုံညီအစည်းအဝေးကြီးတွေမှာ အစုအဖွဲ့အလိုက်၊ ပါတီတစ်ခုချင်းအလိုက် ရွေးချယ်ခံ ကိုယ်စားလှယ်များ တစ်ဦးချင်း၊ တစ်စုချင်းအလိုက် ဆွေးနွေးရရှိခဲ့သမျှ တင်ပြကြပါတယ်။ စုံညီ သဘာပတိအဖွဲ့က တင်ပြသမျှအလေးထားပြီး အကွက်စေ့၊ ထောင့်စေ့အောင်သုံးသပ်ပြီး စုံညီမှာပြန်တင်ပြပါတယ်။ အဲဒီတော့မှ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ဒီမိုကရေစီနည်းကျ အများစုဆန္ဒနဲ့ ကိုက်ညီပြီး နိုင်ငံတော်အတွက် အကောင်းဆုံးအခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ခဲ့တာပါ။

အစုအဖွဲ့တစ်ခုချင်းအတွင်းညှိနှိုင်းကြရာမှာ ငြင်းကြ၊ ခုံကြတာမျိုးလည်းရှိပါတယ်။ စုံညီမှာလည်း အများနဲ့မတူတဲ့ ဆန္ဒတင်ပြမှု (လူနည်းစုဆန္ဒ)တွေရှိတာပါပဲ။ စိတ်ရှည်လက်ရှည် ညှိယူခဲ့တဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါဝင်ရမယ့် အခန်းလိုက်ခေါင်းစဉ် ၁၅ ခုကို တစ်ခဲနက်အတည်ပြုခဲ့တယ်။ အခန်း(၁)နိုင်ငံတော် အခြေခံမူ၊ အခန်း(၂) နိုင်ငံတော်ကို ဘယ်ပုံစံ (ပြည်နယ် ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခုနဲ့) ထာဝရတည်တံ့မယ့် ပြည်ထောင်စု တည် ဆောက်မယ်ဆိုတဲ့ အခြေခံမူ၊ အသေးစိတ်အခြေခံရမယ့်မူတွေ၊ အခန်း (၃) နိုင်ငံတော် အကြီးအကဲ (သမ္မတဟာ နိုင်ငံတော်ရဲ့ အထွတ်အထိပ်၊ (သမ္မတကို သမ္မတရွေးချယ်ရေးအဖွဲ့များနဲ့ ရွေးမယ်ဆိုတဲ့) အခြေခံမူ၊ အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ခဲ့ပါတယ်။ အခန်း(၄) (၅) (၆) ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာရပ်ကျင့်သုံးမယ့်အဖွဲ့များ ဖွဲ့စည်းမှုအပိုင်းကို ကျိုက္ကဆံကွင်း အမျိုးသားညီလာခံမှာ တစ်ခဲနက် ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

၂၀၀၄ခုနှစ် မေလက မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းမှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်ကြပါတယ်။ ကျိုက္ကဆံကွင်းမှာထက် အရေအတွက် ၃၅၀ ခန့်ပိုမိုတက်ရောက်ကြပါတယ်။ တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှာ ပြည်ထောင်စုတစ်နံတစ်လျား အကြားအလပ်မရှိ ကိုယ်စားပြုနိုင်တဲ့ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်တွေ (ကျိုက္ကဆံကွင်း မှာတုန်းက ၂၀၀ ကျော်ရှိ) ယခု ၆၀၀ ကျော် တက်ရောက်လာကြပါတယ်။ တကယ့်ပြည်ထောင်စုကိုယ်စားပြု၊ လူထုလူတန်းစားစုံ၊ အလွှာစုံ ကိုယ်စားပြုညီလာခံကြီးပါ။ နိုင်ငံတော်မှာ မရှိမဖြစ်တဲ့ အခြေခံဥပဒေ ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီနဲ့ အပြန်အလှန် ဆွေးနွေးကြတာပါ။ ဒီလောက်ကြီးကျယ်တဲ့ဆွေးနွေးပွဲ ဒိုင်ယာလော့ခ် (Dialogue) မျိုး မရှိနိုင်ပါဘူး။ အခုဆိုရင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာခွဲဝေမှုအပိုင်း၊ လုပ်ငန်းဆက်သွယ်ဆောင်ရွက်မှုအပိုင်းတွေ အကျေအလည် ဆွေးနွေးပြီးကြပါပြီ။ အသေးစိတ်အခြေခံရမယ့်မူတွေလည်း ချမှတ်နိုင်ခဲ့ပါပြီ။ အခန်း (၇)၊ အခန်း(၈) တပ်မတော် ဆိုင်ရာအခန်း၊ နိုင်ငံသားများ မူလအခွင့်အရေးဆိုင်ရာအခန်းတို့အတွက် အစုအဖွဲ့တစ်ခုချင်း ဆွေးနွေးပြီးကြလို့ စုံညီမှာ တင်ပြထားကြပါပြီ။ စုံညီသဘာပတိအဖွဲ့က ညီလာခံရပ်နားထားတုန်း သုံးသပ်ကြပါတယ်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ အမျိုးသားညီလာခံ ပြန်လည်ကျင်းပတဲ့အခါ သဘာပတိအဖွဲ့ရဲ့ သုံးသပ်ချက်ကိုတင်ပြပြီး လုပ်ငန်းကော်မတီက အသေးစိတ်အခြေခံရမယ့်မူတွေ ချရုံပဲရှိပါတော့တယ်။ အဲဒီနောက် ခေါင်းစဉ်အသစ်များကို ဆက်လက်ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။

အခြေခံဥပဒေ၊ နိုင်ငံသားအခွင့်အရေးတို့နဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။ နိုင်ငံတိုင်းမှာ (ကျွန်နိုင်ငံမဟုတ်ရင်) အခြေခံဥပဒေရှိကြပါတယ်။ တချို့ကိုတစ်ဦးတစ်ယောက်က၊ ပါတီတစ်ခုက ရေးဆွဲပြဋ္ဌာန်းပါတယ်။ ပြင်သစ်နိုင်ငံ အခြေခံဥပဒေကို ပြင်ဆွဲရတဲ့အကြိမ်ပေါင်း (၁၄) ကြိမ် မကတော့ပါဘူး။ နှစ်ပေါင်း ၂၃၀ သက်တမ်း ရှည်တဲ့ အခြေခံဥပဒေပြပါဆိုရင် အမေရိကန်ပြည်ထောင်စုရဲ့ အခြေခံဥပဒေကို ပြရမှာဖြစ်ပါတယ်။

အမေရိကန်ဟာ ရှေးက ဒေသခံ အင်ဒီးယန်းလူနီမျိုးနွယ်များရဲ့ မြေပါ၊ နိုင်ငံပါ။ နှစ်ပေါင်း ၃၀၀ လောက်မှာ အင်္ဂလန်မှ အင်္ဂလိပ်၊ ဝေလ၊ စကော့၊ အိုင်းရစ်လူမျိုးတွေ သွားရောက်အခြေချပြီး ကိုလိုနီနယ်သစ်ထူထောင်ပါတယ်။ ဥရောပမှ ပြင်သစ်၊ ဒတ်ချ်၊ ဘယ်လ်ဂျီယံ၊ ဂျာမန်၊ အီတလီ၊ စပိန်၊ ရုရှားတို့လည်း နောက်ကလိုက်သွားကြပါတယ်။ ဒီလိုနဲ့ ကိုလိုနီ ၁၃ ခုရှိလာတယ်။ ဗြိတိသျှဘုရင်မအစိုးရက ဘုရင်ခံတွေလွှတ်ပြီး အုပ်ချုပ်တယ်။ ၁၇၇၀ ပြည့်လွန်နှစ်တွေမှာ ဗြိတိသျှအုပ်စိုးမှုကိုတော်လှန်ပြီး ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ လွတ်လပ်ရေး ကြေညာကာ ၁၃ ပြည်နယ်နဲ့ ပြည်ထောင်စုထောင်ခဲ့ပါတယ်။ နောက်ပိုင်းမက္ကဆီကိုနဲ့ စစ်ဖြစ်ပြီး နယ်မြေတွေသိမ်းယူ၊ ပြန်မပေးဘဲ ပြည်ထောင်စုထဲဆွဲထည့်၊ တချို့ပြည်နယ်တွေ (ဥပမာ အလာစကာ)ကို ပြင်သစ်နဲ့ရုရှားတို့ဆီက ဝယ်ယူပြီး တိုးချဲ့လာလိုက်တာ ၄၉ ပြည်နယ်ရှိလာပါတယ်။ နောက်ဆုံး ၅၀ မြောက်

မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ရပ်တန့်သွားအောင် အတင်းအဓမ္မလုပ်အားပေးခိုင်းတယ်ဟူသော ကလိမ်ကကျစ်စွပ်စွဲချက်၊ လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော စွပ်စွဲချက်များကို ပြည်တွင်းမှ အနောက်မျှော်များနှင့် ပြည်ပြေးများ၊ နယ်ချဲ့လက်သစ်များက သံပြိုင်ဟစ်ကြွေးခဲ့ကြတယ်။ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ အရေးယူရန် NLD နဲ့ ပြည်ပြေးများက အနောက်ကိုတောင်းဆိုခဲ့ကြတယ်။ အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူတယ်။ အခြားနိုင်ငံများကိုလည်း ပိတ်ဆို့ဖို့ဖိအားပေးခဲ့တယ်။ မြန်မာနိုင်ငံထွက်ပစ္စည်းများ အမေရိကန်တွင် ဝယ်ယူခြင်းမပြုအောင် ပြည်ပြေးတွေက တောင်းဆိုတယ်။ နိုင်ငံကျပ်တည်းဆင်းရဲ ဧတ်ပြတ်ကုန်မှ သူတို့အာဏာရမယ်လို့တွက်ပြီး ပြည်သူလူထုကို ဒုက္ခပေးနေခြင်းသာဖြစ်တယ်။

NLD ဟာ အခြေ
ရင်မဆိုင်ရဲတာ ထင်ရှား
၁၆ နှစ်တာ တွယ်ဖက်
မရနိုင်၊ အနောက်အား
အားကိုးနေတာပါ။ N
အမေရိကန်၊ ဗြိတိန် စတဲ့
ကြတယ်။ တလောက သ
သံတမန်တွေ ၅၉ ခေါ
သံကြီးတွေလာရင် N
ရပ်ထားရပြီး သံတမ
ဆိုပါတယ်။ "နေကောင်
မဟုတ်တာ သေချာပါ

ဟာဝေယံ (ဟာဝိုင်ယီ) ပြည်နယ်ကတော့
ထဲမှ ဗျူဟာမြောက်ဟာဝိုင်ယီကျွန်းမှ ဘုရ
ခဲ့တာပါ။ ၁၈၆၀ မှာ တောင်ပိုင်းပြည်နယ
သမ္မတတင်တော့ ပြည်ထောင်စု ပြိုကွဲမခံဘ
လင်ကွန်းက ပြည်ထောင်စုတပ်တွေ စေလွှ
စီးခဲ့တယ်။ အမေရိကန် ပြည်တွင်းစစ်
ကိုယ့်ပြည်ထောင်စုမပြိုကွဲအောင် စစ်ခင်း
ပါပဲ။

၁၇၇၆ ခုနှစ်မှာ လွတ်လပ်ရေးကြေ
ခဲ့တဲ့ အမေရိကန်ဟာ နောက် ၁၁ နှစ်အကြ
ဥပဒေရေးဆွဲရေးအမျိုးသားညီလာခံကျင်း
ရှိရာမှ ၁၂ ပြည်နယ်က ကိုယ်စားလှယ
ငြင်းကြခုံကြ၊ ရန်ဖြစ်ကြနဲ့ တချို့ကိုယ်
ညီလာခံကို ဦးဆောင်တဲ့ ဂျော့ဝါရှင်တန်
အစည်းအဝေးမှာ လူလေးငါးဆယ်သာ
အခွင့်အရေးအခန်းအတွက် ဆွေးနွေးတော
လူနီတွေ၊ ငွေဝယ်ကျွန်အဖြစ်သုံးခဲ့တဲ့ နီဂ
အခွင့်အရေး၊ မဲပေးခွင့်၊ အရွေးခံခွင့်မ
ကိုယ်စားလှယ်တွေကတင်းခံလို့ အဲဒီနိုင်ငံ
ခဲ့ရတယ်။ နောင်ခါကျမှ အခြေခံဥပဒေ
မှာ နိုင်ငံသား အခွင့်အရေးအခန်း ပါလာတ
၁၉၄၇ ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄
နိုင်ငံသားအခွင့်အရေးဆိုင်ရာ မူပေါင်း
တယ်။ ကျင်းပဆဲ အမျိုးသားညီလာခံမှာ
များရဲ့ မူလအခွင့်အရေးဆိုင်ရာ အသေး
(၄၈) ချက်တောင် ပါဝင်လာတာ အားရစဖွ
ညီလာခံဟာ မြန်မာနိုင်ငံရဲ့ အရေးအပါဆုံး
မြင်ဆုံး၊ ပြည်ထောင်စုကိုကိုယ်စားအပြုဆုံ
ပါလားခင်ဗျာ။

၁၉၈၈ ခုနှစ်နောက်ပိုင်း အစိုးရနဲ့
အဖွဲ့တွေအကြား ဒိုင်ယာလော့ခ် (တွေ့ဆုံ
ကျင်းပခဲ့ပါတယ်။ ဟိုတုန်းက တိုင်းရင်း
ဟာ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုလုံးဝမရ
အားမလို အားမရ၊ မကျေမလည်ဖြစ်ပြီး လ
အင်္ဂလိပ်လက်အောက်တုန်းကဆိုရင် နယ
တွေကို လမ်းဖောက်မပေးဘဲ တမင် ဆင
အဲဒီဆင်းရဲ (ငတ်ပြတ်)ဒေသတွေမှာ ဘ
နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်ခဲ့တာပ
လည်း သောင်းကျန်းမှုကြောင့် နယ်စပ်ဖွံ့
၁၉၈၈ခုနှစ် တိုင်းဆူပြည်ဖျက် ဆူ
နိုင်ငံတာဝန်ယူပြီးတဲ့နောက် နယ်စပ်ဒေသ
ကို ကျပ်ငွေသန်းပေါင်း သောင်းချီသုံး
ဒီကနေ့ နယ်စပ်ဒေသတွေမှာ မြို့ပြတို
တွေ လာရပါပြီ။ နိုင်ငံတော်ရဲ့ စေတနာကိ

NLD ဟာ အခြေခံဥပဒေသစ်ပေါ်ထွန်းလာရင်ကျင်းပ မယ့် ရွေးကောက်ပွဲကို ရင်မဆိုင်ရဲတာ ထင်ရှားပါတယ်။ ဒါ့ကြောင့် ခုနစ်ဆွေး၊ ရှစ်ဆွေးက အရွေးခံရလဒ်ကို ၁၆ နှစ်တာ တွယ်ဖက်နေတာပဲ ဖြစ်ပါတယ်။ သူတို့အတွက် လူထုနည်းနဲ့ အာဏာ မရနိုင်၊ အနောက်အားကိုးနဲ့မှ ရနိုင်မယ်ဆိုတာသိလို့ အနောက်ကိုပဲ တွယ်ဖက်အားကိုးနေတာပါ။ NLD ဌာနချုပ် (ဟိုတုန်းကတော့ ဒေါ်စုကြည်အိမ်) ကို အမေရိကန်၊ ဗြိတိန် စတဲ့ အနောက်နိုင်ငံသံတမန်တွေ ရေထွက်အောင် ဝင်ထွက်နေခဲ့ကြတယ်။ တလောက သတင်းစာဆောင်းပါးတစ်ပုဒ်မှာ တစ်လ အတွင်း အနောက်သံတမန်တွေ ၅၉ ခေါက် NLD ဌာနချုပ်ကို သွားတယ်လို့ ဖတ်ရပါတယ်။ အဲဒီ သံကြီးတွေလာရင် NLD ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကိုတောင် ရပ်ထားရပြီး သံတမန်နဲ့တစ်ဦးချင်း တွေ့ဆုံကြတယ်လို့ အဲဒီဆောင်းပါးမှာ ဆိုပါတယ်။ "နေကောင်းကြရဲ့လား၊ လမ်းကြုံလို့ဝင်လည်တာပါ" ဆိုတာမျိုးတော့ မဟုတ်တာ သေချာပါတယ်။ ဒါဖြင့် ဘာလဲ –

ဟာဝေယံ (ဟာဝိုင်ယီ) ပြည်နယ်ကတော့ ၁၉၅၈ ခုနှစ်မှာ အဲဒီပစိဖိတ်ထဲမှ ဗျူဟာမြောက်ဟာဝိုင်ယီကျွန်းမှ ဘုရင်မကြီးကိုဖမ်းအပြီး သိမ်းယူခဲ့တာပါ။ ၁၈၆၀ မှာ တောင်ပိုင်းပြည်နယ်တွေကခွဲထွက်ပြီး စင်ပြိုင်သမ္မတတင်တော့ ပြည်ထောင်စု ပြိုကွဲမခံဘူးဆိုပြီး သမ္မတအီဘရာဟင်လင်ကွန်းက ပြည်ထောင်စုတပ်တွေ စေလွှတ်တိုက်ခိုက်လို့ သွေးချောင်းစီးခဲ့တယ်။ အမေရိကန် ပြည်တွင်းစစ်ကြီးဖြစ်ခဲ့တယ်။ ဒါကတော့ ကိုယ့်ပြည်ထောင်စုမပြိုကွဲအောင် စစ်ခင်းပြီး ထိန်းခဲ့တဲ့ နမူနာတစ်ခုပါပဲ။

၁၇၇၆ ခုနှစ်မှာ လွတ်လပ်ရေးကြေညာ၊ ပြည်ထောင်စုထောင်ခဲ့တဲ့ အမေရိကန်ဟာ နောက် ၁၁ နှစ်အကြာ ၁၇၈၇ခုနှစ်မှာမှ အခြေခံဥပဒေရေးဆွဲရေးအမျိုးသားညီလာခံကျင်းပခဲ့ပါတယ်။ ၁၃ ပြည်နယ်ရှိရာမှ ၁၂ ပြည်နယ်က ကိုယ်စားလှယ်များ တက်ရောက်တယ်။ ငြင်းကြခုံကြ၊ ရန်ဖြစ်ကြနဲ့ တချို့ကိုယ်စားလှယ်တွေ ပြန်သွားလို့ ညီလာခံကို ဦးဆောင်တဲ့ ဂျော့ဝါရှင်တန်က လိုက်ချော့ခေါ်ခဲ့ရတယ်။ အစည်းအဝေးမှာ လူလေးငါးဆယ်သာ တက်ပါတယ်။ နိုင်ငံသားအခွင့်အရေးအခန်းအတွက် ဆွေးနွေးတော့ မူလဒေသခံ အင်ဒီးယန်းလူနီတွေ၊ ငွေဝယ်ကျွန်အဖြစ်သုံးခဲ့တဲ့ နီဂရိုးလူမည်းတွေကို နိုင်ငံသားအခွင့်အရေး၊ မဲပေးခွင့်၊ အရွေးခံခွင့်မပေးနိုင်ဘူးလို့ တောင်ပိုင်းကိုယ်စားလှယ်တွေကတင်းခံလို့ အဲဒီနိုင်ငံသားအခွင့်အရေးကို ချန်လှပ်ခဲ့ရတယ်။ နောင်ခါကျမှ အခြေခံဥပဒေ ပြင်ဆင်ချက်တွေ တိုးဖြည့်ရာမှာ နိုင်ငံသား အခွင့်အရေးအခန်း ပါလာတာဖြစ်တယ်။ မြန်မာနိုင်ငံမှာ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတို့မှာ နိုင်ငံသားအခွင့်အရေးဆိုင်ရာ မူပေါင်း (၂၀) ကျော်စီ ပါဝင်ခဲ့ပါတယ်။ ကျင်းပဆဲ အမျိုးသားညီလာခံမှာ ညှိနှိုင်းကြတဲ့အခါ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာ အသေးစိတ်အခြေခံရမယ့် မူပေါင်း (၄၈) ချက်တောင် ပါဝင်လာတာ အားရစဖွယ်တွေ့ရပါတယ်။ အမျိုးသားညီလာခံဟာ မြန်မာနိုင်ငံရဲ့ အရေးအပါဆုံး၊ အထိရောက်ဆုံး၊ အအောင်မြင်ဆုံး၊ ပြည်ထောင်စုကိုကိုယ်စားအပြုဆုံး ဒိုင်ယာလော့ခ်ကြီးမဟုတ်ပါလားခင်ဗျာ။

၁၉၈၈ ခုနှစ်နောက်ပိုင်း အစိုးရနဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့တွေအကြား ဒိုင်ယာလော့ခ် (တွေ့ဆုံဆွေးနွေးပွဲ)တွေ ဆက်တိုက်ကျင်းပခဲ့ပါတယ်။ ဟိုတုန်းက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဟာ ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုလုံးဝမရရှိခဲ့တဲ့ မိမိတို့ဒေသအတွက် အားမလို အားမရ၊ မကျေမလည်ဖြစ်ပြီး လက်နက်ကိုင်တိုက်ခဲ့ကြတာပါ။ အင်္ဂလိပ်လက်အောက်တုန်းကဆိုရင် နယ်စပ်ဒေသ၊ နယ်စွန်နယ်ဖျားတွေကို လမ်းဖောက်မပေးဘဲ တမင် ဆင်းရဲစေခဲ့ပါတယ်။ ပြီးတော့မှ အဲဒီဆင်းရဲ (ငတ်ပြတ်)ဒေသတွေမှာ ဘိန်းစိုက်ခိုင်းပြီး လူမျိုးရေး၊ နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်ခဲ့တာပါ။ လွတ်လပ်ပြီးတဲ့အခါမှာလည်း သောင်းကျန်းမှုကြောင့် နယ်စပ်ဖွံ့ဖြိုးရေးမလုပ်နိုင်ခဲ့ကြပါဘူး။

၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက် ဆူပူမှုကြောင့် တပ်မတော်က နိုင်ငံတာဝန်ယူပြီးတဲ့နောက် နယ်စပ်ဒေသတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကျပ်ငွေသန်းပေါင်း သောင်းချီသုံးပြီး လုပ်ပေးခဲ့တဲ့အတွက် ဒီကနေ့ နယ်စပ်ဒေသတွေမှာ မြို့ပြတိုးတက်မှု အနေအထားတွေ တွေ့လာရပါပြီ။ နိုင်ငံတော်ရဲ့ စေတနာကိုလည်းသိ၊ မိမိတို့ လက်နက်ကိုင်လမ်းစဉ်ရဲ့ အနိဋ္ဌာရုံတွေ ပြန်လည်သုံးသပ်ကြပြီး ဒီနေ့တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြလို့ ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းလုံခြုံလာပြီ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေး၊ ပြည်ထောင်စုဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းတွေမှာ တက်တက်ကြွကြွ ထမ်းဆောင်နေကြပါပြီ။ အဲဒီလို ငြိမ်းချမ်းရေးရယူတဲ့ အဖွဲ့ကြီးပေါင်း ၁၇ ဖွဲ့၊ အဖွဲ့ငယ်ပေါင်း ၁၈ ဖွဲ့ရှိသွားပါပြီ။ ပြည်ပကသာ ဝင်မနှောင့်ရင် လက်ကျန်အဖွဲ့ နှစ်ဖွဲ့၊ သုံးဖွဲ့ဟာလည်း ငြိမ်းချမ်းရေးယူဖို့ အကြိမ်ကြိမ် ညှိနှိုင်းထားပြီး ဖြစ်ပါတယ်။

အဲဒီလို ငြိမ်းချမ်းဖို့ ဖဆပလအစိုးရ၊ တော်လှန်ရေးကောင်စီနဲ့ လမ်းစဉ်ပါတီတို့လည်း ဒိုင်ယာလော့ခ်နည်းနဲ့ ဆွေးနွေးကြိုးစားခဲ့ကြဖူးပါပြီ။ မအောင်မြင်ခဲ့ပါဘူး။ ဒီကနေ့ခေတ်မှာတော့ လုံးဝအောင်မြင်ခဲ့ပြီ ဖြစ်ပါတယ်။ မှတ်တမ်းတင်စာအုပ်တွေအရ နိုင်ငံတော်အစိုးရကိုယ်စားလှယ်များဟာ တောတွင်းအဖွဲ့များထံ လက်နက်လုံးဝ မပါဘဲ သွားရောက်ဆွေးနွေးခဲ့ကြတာပါ။ အဲဒီအဖွဲ့တွေကတောင် ဘာဖြစ်လို့ လက်နက်မယူခဲ့သလဲ၊ ကျုပ်တို့က ခင်ဗျားတို့ကို တစ်ခုခုလုပ်မှာ မစိုးရိမ်ဘူးလားလို့ မေးတော့ အစိုးရကိုယ်စားလှယ်များက ညီအစ်ကိုချင်း ယုံကြည်လို့လာတာပဲ၊ ဘာလက်နက်ယူစရာလိုလဲလို့ ဖြေတဲ့အတွက် တိုင်းရင်းသားအဖွဲ့တွေရဲ့ ယုံကြည်မှုကို ရယူခဲ့တာဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရင်ကြားစေ့ရေး ဒိုင်ယာလော့ခ်၊ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ပြန်လည်စည်းလုံးညီညွတ်ရေး ဒိုင်ယာလော့ခ်တွေပါပဲ။ အဲဒီ ဒိုင်ယာလော့ခ်တွေရဲ့ အောင်မြင်မှုကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး စိတ်အေးချမ်းသာစွာ၊ လုံခြုံဘေးကင်းစွာ၊ ငြိမ်းချမ်းသာယာစွာနေနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ အဲဒီငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ဖွံ့ဖြိုးတိုးတက်ရေး အပေါင်းလက္ခဏာတွေ တောင်လိုပုံလာတာ ဖြစ်ပါတယ်။ မှန်ကန်၊ မျှတ၊ အောင်မြင်တဲ့ ဒိုင်ယာလော့ခ်အစစ်ဆိုတာ ဒါပါပဲ။

ပြည်တွင်းမှ NLD၊ ပြည်ပမှ ပြည်ပြေးတွေနဲ့ အနောက်အင်အားကြီး ကိုလိုနီလက်သစ်ဝါဒီတွေ ပြောပြောနေတဲ့ ဒိုင်ယာလော့ခ်ကတော့ တစ်မျိုးခင်ဗျ။ ပြည်သူတွေပါဖို့မလိုဘူး။ NLD ရယ်၊ အလားတူ တိုင်းရင်းသား NLD ရယ်၊ အစိုးရရယ်ပဲတွေ့၊ NLD ရဲ့ တောင်းဆိုသမျှကို လိုက်လျော၊ (မလိုက်လျောရင် အစိုးရဘက်က မရိုးသားလို့၊ မမှန်ကန်လို့)ဆိုတဲ့ ဒိုင်ယာလော့ခ်၊ သူတို့ဘက်က တောင်းဆိုမှာကလည်း ရှင်းနေပြီပဲ။ သူတို့ မအောင့်နိုင် မအည်းနိုင် အမြဲကုန်းအော်နေတဲ့ တပ်မတော်အစိုးရ ဆင်းပေး။ NLD အာဏာကို ယူမယ်၊ ဒါပါပဲ။ အဲဒီကိစ္စကို ကြည့်ရုံနဲ့ NLD ဟာ ပြည်သူကို တကယ်ကိုယ်စားပြုသလား၊ ပြည်သူ့အကျိုး ဆက်တိုက်သယ်ပိုးနေသလား သိသာနေပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ရပ်တန့်သွားအောင် အတင်းအဓမ္မလုပ်အားပေးခိုင်းတယ်ဟူသော ကလိမ်ကကျစ် စွပ်စွဲချက်၊ လူ့အခွင့်အရေးချိုးဖောက်သည်ဟူသော စွပ်စွဲချက်များကို ပြည်တွင်းမှ အနောက်မျှော်များနှင့်ပြည်ပြေးများ၊ နယ်ချဲ့လက်သစ်များက သံပြိုင် ဟစ်ကြွေးခဲ့ကြတယ်။ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူရန် NLD နဲ့ ပြည်ပြေးများက အနောက်ကိုတောင်းဆိုခဲ့ကြတယ်။ အမေရိကန်က မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူတယ်။အခြားနိုင်ငံများကိုလည်း ပိတ်ဆို့ဖို့ ဖိအားပေးခဲ့တယ်။ မြန်မာနိုင်ငံထွက်ပစ္စည်းများ အမေရိကန်တွင် ဝယ်ယူခြင်းမပြုအောင် ပြည်ပြေးတွေက တောင်းဆိုတယ်။ နိုင်ငံ ကျပ်တည်းဆင်းရဲ၊ ငတ်ပြတ်ကုန်မှ သူတို့အာဏာရမယ်လို့ တွက်ပြီး ပြည်သူလူထုကို ဒုက္ခပေးနေခြင်းသာ ဖြစ်တယ်။

NLD ဟာ ပြည်သူ့ကိုယ်စားပြု၊ ပြည်သူ့ပါတီ ဖြစ်မလာဘဲ ပြည်သူဆန့်ကျင်ရေး၊ ပြည်သူဒုက္ခရောက်ရေးအတွက် အနောက်နှင့် အပေးအယူလုပ်ကာ ဒုက္ခပေးနေတာကိုပဲ တွေ့ရပါတယ်။ မိမိတို့ အာဏာရ၊ အမေရိကန်ရဲ့ ဩဇာကိုနာခံ၊ ဒေသတွင်းမှာ ပြဿနာဖန်တီးရေးကိုသာ ရှေးရှုနေကြောင်း ၎င်းတို့ရဲ့လုပ်ရပ်များက သက်သေခံနေပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အသိအမှတ်ပြုပြီး လွှတ်တော်ခေါ် အာဏာလွှဲရေးကို ယခု ၂၀၀၆ အထိ ၁၆ နှစ်ကြာ နေ့စဉ် ညစဉ် ပြည်တွင်းပြည်ပ လက်ဝါးရိုက်ကုန်းအော်နေခဲ့ကြတယ်။ မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းမှာ အမတ်များရွေးကောက်ရာမှာ လေးနှစ်သက်တမ်းအတွက်သာ သတ်မှတ်ထားပါတယ်။ (အချို့ ငါးနှစ်၊ အချို့ သုံးနှစ် သတ်မှတ်တဲ့နိုင်ငံအချို့ရှိပါတယ်။ ရှားပါတယ်။) အာဏာမရမချင်း အမတ်သက်တမ်း တည်မြဲသည်ဆိုတဲ့ ရှုးကြောင်ကြောင် အယူအဆမျိုး ကမ္ဘာမှာမရှိပါ။ ၁၉၉၂ ခုနှစ်က အယ်လ်ဂျီးရီးယား ရွေးကောက်ပွဲမှာ အစ္စလာမ္မစ် အခြေခံပါတီအမတ်များက နေရာအားလုံးလိုလို အနိုင်ရခဲ့တယ်။ ၎င်းတို့က အယ်လ်ဂျီးရီးယားကို အီရန်ကဲ့သို့ အစ္စလာမ္မစ်သမ္မတနိုင်ငံ တည်ထောင်မယ်လို့ ကြေညာခဲ့တယ်။ အမေရိကန်က လက်မခံနိုင်ဘူး။ ဒါကြောင့် အယ်လ်ဂျီးရီးယားသမ္မတက ရွေးကောက်ပွဲ ရလဒ်တစ်ခုလုံးကို ပယ်ဖျက်ခဲ့တယ်။ မဲဆန္ဒရှင်ပြည်သူတို့ရဲ့ ဒီမိုကရေစီ အခွင့်အရေးတွေ အမှိုက်ပုံးထဲ ရောက်သွားခဲ့တာပါပဲ။ အမေရိကန်က အယ်လ်ဂျီးရီးယားနိုင်ငံကို ၁၉၉၂ ခုနှစ် ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုဖို့ တစ်ခွန်းတစ်ပါဒမှ မပြောခဲ့ဘူး။ အဲဒီနိုင်ငံမှာ အဲဒီအချိန်ကစပြီး ပြည်တွင်းစစ်ဖြစ်ခဲ့ရတာ တွေ့ကြမှာပါ။

မြန်မာနိုင်ငံမှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အရွေးခံရသူများကို အခြေခံဥပဒေရေးဆွဲရမယ်လို့ ကြိုပြောခဲ့တယ်။ အရွေးခံရပြီးတော့လည်း ထပ်ပြောတာပါပဲ။ အခြေခံဥပဒေသာပြီးစီးခဲ့ရင် လွှတ်တော်ခေါ် အတည်ပြု၊ အခြေခံဥပဒေသစ်နဲ့အညီ သတ်မှတ်ကာလမှာ ရွေးကောက်ပွဲလုပ်ရုံသာရှိပါတယ်။ NLD ကိုယ်စားလှယ်တွေဟာ အနောက်ရဲ့ညွှန်ကြားချက်၊ ဒေါ်စုကြည်ရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ အမျိုးသားညီလာခံမှ သပိတ်မှောက် ထွက်သွားခဲ့ကြတယ်။ ညီလာခံ ပျက်ရာပျက်ကြောင်း လုပ်ကြံလာကြတယ်။ ပြည်ပအားနဲ့ ဒိုင်ယာလော့ခ် တောင်းဆိုကြတယ်။ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုကြတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲဆန္ဒနယ် ၄၈၅ ခုအတွက် ရွေးကောက်ပွဲလုပ်ပေးခဲ့ရာ NLD က အကြောင်းအမျိုးမျိုးကြောင့် ၃၉၂ နေရာ အနိုင်ရခဲ့တယ်။ အသေးစိတ်မတင်ပြတော့ပါ။ ညောင်မြစ်တူးလျှင် ပုတ်သင်ဥပေါ်လာမှာ (သူတို့အတွက်) စိုးရိမ်ရလို့ပါပဲ။ အခုအချိန်အဲဒီ NLD အရွေးခံကိုယ်စားလှယ်များအနက် ၃၄ ဦးက တစ်သီးပုဂ္ဂလပြောင်း၊ ၃၉ ဦး ကွယ်လွန်၊ ၉၂ ဦး နုတ်ထွက်၊ အရည်အချင်းပျက်ကွက်သူ ၁၄၄ ဦး ရှိလာပါတယ်။ ဒါကြောင့် NLD အပိုင် အမတ်ဦးရေ ၈၃ ဦးပဲကျန်ပါတယ်။ တခြား ပါတီက ကိုယ်စားလှယ်တွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေပါ ထည့်ပေါင်းမှ ၁၂၄ ဦးပဲရှိပါတယ်။ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်အားလုံးရဲ့ ၂၅ ဒသမ ၅၇ ရာခိုင်နှုန်းသာ ရှိတော့တဲ့အတွက် လွှတ်တော်ခေါ်ဖို့ အရေအတွက် မပြည့်မီတော့ပါဘူး။

ဒီမိုကရေစီကျင့်စဉ်မှာ လူထုကကိုယ်စားလှယ်များ ရွေးကောက်ခွင့်ရှိသလို မလိုလားအပ်တဲ့ ကိုယ်စားလှယ်တွေကို ပြန်ခေါ် (ဖြုတ်ချ) ခွင့်ရှိရပါတယ်။ Right of Recall လို့ သုံးနှုန်းပါတယ်။ ၁၉၉၈ ခုနှစ်က မဲဆန္ဒနယ် ၄၈ ခုက မဲဆန္ဒရှင်အများစု (၎င်းတို့ကို ရွေးကောက်စဉ်က မဲအရေအတွက်ထက် အလွန်များပြားသော မဲဆန္ဒရှင်တွေက) NLD အမတ်တွေကို Right of Recall အရ ပြန်ခေါ် (ဖြုတ်ချ)ခဲ့ပြီးပါပြီ။

NLD ဟာ အခြေခံဥပဒေသစ် ပေါ်ထွန်းလာရင် ကျင်းပမယ့် ရွေးကောက်ပွဲကို ရင်မဆိုင်ရဲတာ ထင်ရှားပါတယ်။ ဒါ့ကြောင့် ခုနစ်ဆွေး၊ ရှစ်ဆွေးက အရွေးခံရလဒ်ကို ၁၆ နှစ်တာ တွယ်ဖက်နေတာပဲ ဖြစ်ပါတယ်။ သူတို့အတွက် လူထုနည်းနဲ့ အာဏာ မရနိုင်၊ အနောက်အားကိုး နဲ့မှ ရနိုင်မယ်ဆိုတာသိလို့ အနောက်ကိုပဲ တွယ်ဖက် အားကိုးနေတာပါ။ NLD ဌာနချုပ် (ဟိုတုန်းကတော့ ဒေါ်စုကြည်အိမ်) ကို အမေရိကန်၊ ဗြိတိန် စတဲ့ အနောက်နိုင်ငံသံတမန်တွေ ရေထွက်အောင်ဝင်ထွက်နေခဲ့ကြတယ်။ တလောက သတင်းစာ ဆောင်းပါးတစ်ပုဒ်မှာ တစ်လအတွင်း အနောက်သံတမန်တွေ ၅၉ ခေါက် NLD ဌာနချုပ်ကို သွားတယ်လို့ ဖတ်ရပါတယ်။ အဲဒီသံကြီးတွေလာရင် NLD ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကိုတောင် ရပ်ထားရပြီး သံတမန်နဲ့ တစ်ဦးချင်း တွေ့ဆုံကြတယ်လို့ အဲဒီဆောင်းပါးမှာဆိုပါတယ်။ **"နေကောင်းကြရဲ့လား၊ လမ်းကြုံလို့ ဝင်လည်တာပါ"** ဆိုတာမျိုးတော့ မဟုတ်တာသေချာပါတယ်။ ဒါဖြင့်ဘာလဲ–

အဲဒီလို အနောက်နိုင်ငံတွေနဲ့ ဆက်သွယ်၊ အနောက်မီဒီယာတွေ VOA, BBC, RFA, DVB စတဲ့ ပြည်ပြေးတွေကြီးစိုးရာ အသံလွှင့်ဌာနတွေကို NLD စင်မြင့်သဖွယ် သုံးနေတဲ့အတွက်ကြောင့်လည်း မြန်မာပြည်သူတွေက NLD ဘာလဲဆိုတာ သိနေကြတာပါပဲ။ သူတို့က ဒိုင်ယာလော့ခ်စကား ပြောလွန်းလို့ တင်ပြပါရစေ။ **"အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံတော် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရန်အတွက် ဒေါ်စုကြည်အား နိုင်ငံတော် အကြီးအကဲက လေးကြိမ်၊ ဝန်ကြီးအဆင့် တာဝန်ရှိသူများက အကြိမ် ၂၀ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံပြီးနောက် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်နှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် NLD နှင့် ဒေါ်စုကြည်အား လက်တွေ့ အခွင့်အလမ်းများ အကြိမ်ကြိမ်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့သော် NLDနှင့် ဒေါ်စုကြည်အနေဖြင့် အမျိုးသားရေး အကျိုးစီးပွားကို ဦးစားပေးခြင်းမရှိဘဲ ပါတီနှင့် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အရေးကိုသာ ဦးစားပေးခဲ့သဖြင့် ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်ပါ သည်။ ထို့ကြောင့် NLD အား ထပ်မံတွေ့ဆုံ ဆွေးနွေးရန် အကြောင်းမရှိပါ"** ဆိုတဲ့ အမေရိကန်က ကုလသမဂ္ဂကို အသုံးချတဲ့ လုပ်ရပ်အပေါ် ၁၈–၉–၂၀၀၆ရက်နေ့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတို့ရဲ့ သဘောထားမှာ အတိအလင်း ဖော်ပြပြီးသား စာပိုဒ်ကို ကောက်နုတ် တင်ပြလိုက်ပါတယ်။

၁၉၆၄ ခုနှစ်က တောတွင်းသောင်းကျန်းသူအဖွဲ့အားလုံးကို တော်လှန်ရေးကောင်စီက ဖိတ်ခေါ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲ အကြီးအကျယ်ပြုလုပ်စဉ်မှာ တောတွင်းအဖွဲ့များစွာဟာ ပြည်ပအားကိုးမှု၊ မိမိတစ်ပါတီ အာဏာရမှုတို့ကို ရှေ့တန်းတင်ပြီး မဖြစ်နိုင်တာတွေ တောင်းဆိုခဲ့လို့ အဲဒီပြည်တွင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲပျက်ပြားခဲ့ရတယ်။ အခု NLD ဟာလဲ အဲဒီတုန်းက သောင်းကျန်းအဖွဲ့တွေရဲ့ အာသာဆန္ဒမျိုး၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ အဝိဇ္ဇာအမှောင်တရား ဖုံးလွှမ်းနေတဲ့အတွက် နိုင်ငံတော်က ၎င်းတို့နဲ့ အကြိမ်အစိတ်လောက် စိတ်ရှည်လက်ရှည် ဒိုင်ယာလော့ခ်ခဲ့သော်လည်း ရလဒ် ကောင်းများ ပေါ်ထွက်ခဲ့ခြင်းမရှိခဲ့တာဖြစ်ကြောင်း ဆိုလိုက်ပါရစေ။ ။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်း လျှပ်စစ်အင်ဂျင်နီယာများ၊ ဓာတ်အားစနစ် အင်ဂျင်နီယာနှင့် စီမံကိန်းညွှန်ကြားရေးမှူးများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ ဓာတ်အားခွဲရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများ တက်ရောက်ကြသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ဦးမျိုးနိုင်နှင့် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်းတို့က မိမိတို့ လုပ်ငန်း၊ အဖွဲ့၊ ဌာနအလိုက် ပြည်နယ်နှင့် တိုင်းများတွင် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ လျှပ်စစ်ဓာတ်အားခများ ကောက်ခံရရှိမှု၊ ဓာတ်အားပို့လွှတ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု၊ မဟာဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်မှု၊ လျှပ်စစ်ဓာတ်အားပို့လွှတ်မှု လျှင်မြန်ချောမွေ့စေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ပြည်သူလူထု ပါဝင်သော လျှပ်စစ်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားကို သုံးစွဲသူများအား အရေးယူ ဆောင်ရွက်မှု အခြေအနေတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အမှတ် (၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒေါ်မိမိလေး (အထပြ-ငြိမ်း)အား ရည်စူး၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဘုရားလမ်း (ဆ/က)ရပ်ကွက်နေ ဦးထွန်းကြိုင်(အင်ဂျင်နီယာမှူး-ငြိမ်း)နှင့် သားသမီးများ၊ ကိုနေမျိုး-မလေးလေးသန့်၊ ကိုနေစိုး-မသွယ်လဲ့ဖြူ၊ ကိုပြည်စိုးအောင်-မစုစုကြိုင်၊ ကိုနေလွင်၊ မြေး မငြိမ်းငြိမ်းထက်ဝေ၊ မအိပန်စိုး၊ မောင်အောင်ပိုင်စိုး မိသားစုတို့က ဒဂုံမြို့နယ်၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ် ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) အတွင်း ရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ကွယ်လွန်သူ မိခင်ကြီး (ဒေါ်စောတင်)အား ရည်စူး၍ ဒေါ်ဝါဝါ၏ကိုယ်စား ငွေကျပ် တစ်သိန်းကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)နေ ဖခင်ဖြစ်သူ ဦးသာဒွန်း (ဖိုးသာဒွန်း-မုံရွာ)မိသားစုက လှူဒါန်းရာ ကျောင်းဆောင်နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကက ရေစက်ချပြီး ကျောင်းဆောင် ဖြစ်မြောက်ရေး အဖွဲ့ဝင် ဦးကျော်ဌေးက လက်ခံယူစဉ်။ (ကြေးမုံ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က လသာမြို့နယ် အမှတ်(၇) ရပ်ကွက်တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မူမူတင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

အာရှခရစ်ကက်ကောင်စီမှ ကြီးမှူး၍ အဆင့်(၁) ခရစ်ကက် နည်းပြသင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာ့ခရစ်ကက်အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာရေးနှင့် နည်းပြကောင်းများ ပေါ်ထွက်လာရေးတို့အတွက် Asian Cricket Councilက ကြီးမှူး၍ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ အဆင့်(၁) (LEVEL-1) ခရစ်ကက်အားကစားနည်း နည်းပြသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်နှင့် ညှိနှိုင်းဆွေးနွေးရေး၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် အသက်(၁၅)နှစ်အောက် ခရစ်ကက်အားကစားပြိုင်ပွဲအတွက် အားကစားသမားများ၏ လေ့ကျင့်မှု နည်းစနစ်ပိုင်းဆိုင်ရာ တိုးတက်မှုများကို ကြည့်ရှုစစ်ဆေးရန် Asian Cricket Council မှ Development Officer, Mr. Roger Binny သည် စက်တင်ဘာ ၂၈ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်၊ အဖွဲ့ချုပ်နည်းစနစ်မှူး ဦးမြသွင်နှင့် အမှုဆောင်များက ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၁၅	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၀	၁၀။	**ဆရာတော်ဦးဃောသိတ တရားတော် -၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ**
	၁၁။	**မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ဂုဏ်ပြုဇာတ်လမ်း ဇာမဏီမော်ကွန်း**
၈:၁၂	၁၂။	အပိတ်နှုတ်ဆက်စကား
၈:၁၃	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - သက်တော်စောင့်ရဲ့ သတို့သမီး (မင်းမော်ကွန်း၊ နန္ဒာလှိုင်)**
၁:၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၄:၃၅	၄။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၃၅	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၇။	နိုင်ငံတကာသတင်း
၆:၂၀	၈။	မိုးလေဝသသတင်း
၆:၂၅	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၀။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လွမ်းမပြေ (အပိုင်း-၄)**
၈:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	သံဃာ့ဂုဏ်ရည်မြတ်လယ်တီ လယ်တီဆရာတော်ကြီး၏ ဝါဆိုစဉ်အရပ်ဒေသများ
	၁၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။	**မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း စိတ်၏စေရာ (၃၀၂)**
	၁၈။	သင့်အတွက်မနက်ဖြန်
	၁၉။	အပိတ်နှုတ်ဆက်စကား
	၂၀။	ပြီးပါပြီ။

အမေရိကန်ပြောသမျှ လက်ညှိုးထောင်ခေါင်းညိတ် နာခံလုပ်ဆောင်နေခြင်းက NLD သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့၏ ကြိုးဖိနောက်လိုက်ဖြစ်နေသည်ကို ဖော်ပြနေ

❒ မြန်မာနိုင်ငံမှ

အဖွဲ့များ၏ အစည်းအဝေးများကို ဆက်လက်ကျင်းပနိုင်ခဲ့ကြောင်း ကိုယ်တိုင်တွေ့ရှိခဲ့ရသည်။

NLD ပါတီသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ပါဝင်စွက်ဖက်ဖိအားပေးရန် အမေရိကန်အစိုးရအား အစဉ်တစိုက်တောင်းဆိုခဲ့သည်။ အမေရိကန်က မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းလုပ်ဆောင်မှုများ၌လည်း ပြည်ပရောက် ပြည်ပြေးအဖွဲ့များနှင့် တစ်ကျိတ်တည်းတစ်ဉာဏ်တည်း ပူးပေါင်းကာ မဟုတ်မမှန်လုပ်ကြံသတင်းများ၊ ပုံသွင်းပုံဖျက်ထားသောသတင်းများကို ပေးပို့လျက်ရှိသည်။ အမေရိကန်အစိုးရ၏ ဖိအားပေးတိုက်တွန်းမှုအရ မြန်မာ့အရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန်ဆုံးဖြတ်ခဲ့မှုကိုလည်း ဝမ်းသာအားရကြိုဆိုခဲ့သည်။ ထို့အပြင် ၎င်းနှစ်ပတ်လည်နေ့တွင် ပြောကြားခဲ့သည့် သဘာပတိမိန့်ခွန်းထဲ၌ပင် ယင်းကိစ္စဖြစ်မြောက်အောင် လုပ်ဆောင်ခဲ့သည့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်းနှင့် ရှေ့ဆက်လုပ်မည့်ကိစ္စများ အောင်မြင်စေရန် ဆုမွန်ကောင်းတောင်းကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်အထိ ပြည်ပအားကိုးမှုလွန်ကဲကာ ရှေ့ရေးနောက်ရေးမထောက်ဘဲ အမျိုးသားရေးသစ္စာကို ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်နေကြောင်း တွေ့ရှိရသည်။

ယင်းကဲ့သို့ အမေရိကန်အစိုးရက မြန်မာ့ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်နှောင့်ယှက်ရန်အတွက် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချနေသည်ကို NLD ပါတီက အလိုတူအလိုပါသဘောဖြင့် ကြိုဆိုထောက်ခံနေသည်ကို မြင်တွေ့ကြားသိနေရသော ပြည်သူများအတွင်း အမေရိကန်တို့အပေါ် မုန်းတီးဆန့်ကျင်မှု၊ NLD နှင့် အပေါင်းပါများအပေါ် စက်ဆုပ်ရွံရှာ နှလုံးနာမှုများ ပိုမိုတိုးပွားလာလျက်ရှိကြောင်း ကြားသိရသည်။

ယခုအခါ NLD နှင့် အပေါင်းပါပြည်ပြေးများ၏ ပြည်ပအားကိုးအဆိုးမြင်လုပ်ရပ်များသည် အများပြည်သူတို့၏ မြင်ကွင်း၌ တစ်နေ့တခြား ကွက်ကွက်ကွင်းကွင်း ပုံပေါ်လာနေကြောင်း၊ ယင်းလုပ်ရပ်များသည် သမိုင်းအစဉ်အလာကြီးမားသော မြန်မာပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်များ ပိုမိုနီးကြားတက်ကြွလာစေရန် နှိုးဆွပေးရာရောက်နေကြောင်း ရှေ့မီနောက်မီပုဂ္ဂိုလ်များအတွင်း ဝေဖန်သုံးသပ်မှုများ ရှိနေသည်။

ယခုအခါ NLD နှင့် အပေါင်းပါပြည်ပြေးများ၏ ပြည်ပအားကိုး အဆိုးမြင်လုပ်ရပ်များသည် အများပြည်သူတို့၏ မြင်ကွင်း၌ တစ်နေ့တခြား ကွက်ကွက်ကွင်းကွင်း ပုံပေါ်လာနေကြောင်း၊ ယင်းလုပ်ရပ်များသည် သမိုင်းအစဉ်အလာကြီးမားသော မြန်မာပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ပိုမိုနိုးကြားတက်ကြွလာစေရန် နှိုးဆွပေးရာရောက်နေကြောင်း ရှေ့မီနောက်မီပုဂ္ဂိုလ်များအတွင်း ဝေဖန်သုံးသပ်မှုများရှိနေ။

NLD သည် ပါတီ စတင်ဖွဲ့စည်းချိန်ကတည်းကပင် တာဝန်သိသည့် နိုင်ငံရေးပါတီတစ်ခုအဖြစ် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးကို ရှေးရှုရပ်တည်နိုင်ရန် လုပ်ဆောင်ခဲ့ခြင်းမရှိဘဲ အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး၊ ပိတ်လေးပိတ်ဖြင့် ပိတ်ဆို့ ဖိအားပေးရေးတို့ကိုသာ စဉ်ဆက်မပြတ် ပြုလုပ်လာခဲ့ကြောင်း၊ ယခုတစ်ကြိမ်သာမဟုတ်ဘဲ ယခင်အခမ်းအနားများ၌လည်း သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပြီး မင်းမဲ့စရိုက်အသွင်ပြုမူခဲ့သဖြင့် တာဝန်ရှိသူများက သဘောထားကြီးစွာဖြင့် အကြိမ်ကြိမ် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုနှစ်ပတ်လည်အခမ်းအနား ကျင်းပရာ၌လည်း စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိဘဲ အမျိုးသားရေးအကျိုးစီးပွားကို ပစ်ပယ်ကာ အနောက်အင်အားကြီးနိုင်ငံများအား ဆရာတင်ဂုဏ်ပြု ဦးညွှတ်နေခြင်းကိုကြည့်လျှင် NLD သည် ၎င်းတို့၏ လွဲမှားနေသောအမူအကျင့်များကို ပြုပြင်ပြောင်းလဲနိုင်ခြင်း မရှိသေးသည်ကို သက်သေပြနေခြင်းဖြစ်ကြောင်း ပုဂ္ဂလိကစာနယ်ဇင်းသမားများအတွင်း၌လည်း ဝေဖန်ပြောဆိုနေကြသည်။

NLD ၏ တာဝန်မဲ့လုပ်ရပ်များကိုသာ အမြဲမြင်တွေ့နေရသော ပြည်သူများကလည်း NLD သည် မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေးကို NLD ပါတီအာဏာရရေးအဖြစ်သာ ရှုမြင်နေကြောင်း၊ အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးတို့သည် ဒီမိုကရေစီဖော်ဆောင်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး တရားဝင်ပါတီတစ်ခု၏ လုပ်နည်းလုပ်ဟန်မဟုတ်ဘဲ မြေအောက်ပါတီတစ်ခု၏ လုပ်နည်းလုပ်ဟန်သာဖြစ်ကြောင်း၊ အမေရိကန်ပြောသမျှ လက်ညှိုးထောင် ခေါင်းညိတ် နာခံလုပ်ဆောင်နေခြင်းက NLD သည် ခေတ်သစ်ကိုလိုနီနယ်ချဲ့၏ကြိုးဖိနောက်လိုက်ဖြစ်နေသည်ကို ဖော်ပြနေကြောင်း၊ NLD သာ အာဏာရလာပါက မြန်မာနိုင်ငံသည်လည်း ခေတ်သစ်ကိုလိုနီကျွန်ဘဝသို့ ကျရောက်သွားမည်ဖြစ်ကြောင်း ဝေဖန်သုံးသပ်ပြောဆိုလျက်ရှိကြသည်။

ထို့အပြင် ပြည်ပဆရာကြီးများ၏ လုပ်ဆောင်မှုများနှင့် ချိန်ကိုက်၍ NLD က သတ်မှတ်လူဦးရေထက် ကျော်လွန်ပြီး အခမ်းအနားများကျင်းပ လှုံ့ဆော်လာခြင်း၊ ဆန္ဒပြပွဲအသွင်ဆောင်သောလှုပ်ရှားမှုများကို ရှေ့တိုးလုပ်ဆောင်လာခြင်းသည် ပြည်သူလူထု၏သဘောထားနှင့် ကိုက်ညီမှုမရှိသဖြင့် ပြည်သူများအတွင်း NLD အား တုံ့ပြန်ဆန့်ကျင်ဆန္ဒပြလိုသည့် အနေအထားများရှိနေကြောင်း သိရသည်။ အလားတူ အမျိုးသားညီလာခံနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားအောင်၊ ပြည်ပအားကိုးပြီး မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီကျွန်ဘဝရောက်အောင် NLD ၏ ကျုံးသွင်း လုပ်ဆောင်နေမှုများကိုလည်း ဆန့်ကျင်တားဆီး တိုက်ဖျက်ချေမှုန်းသွားကြရန် ဆန္ဒများဖြစ်ပွားလျက်ရှိကြောင်း သတင်းများရရှိသည်။ (က-ပ)

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အင်္ဂလန်အသင်းသုံးသင်း အုပ်စုတက်

ပါရီ စက်တင်ဘာ ၂၉

ယူအီးအက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ပထမအကျော့ ဒုတိယအဆင့်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၈ရက်က နယူးကာဆယ်ရှိ စိန့်ဂျိမ်းပါ့ခ်ကွင်း၌ ကျင်းပရာ နယူးကာဆယ်အသင်းက လီဗာဒီးယားတယ်လင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ပွဲပေါင်း (သုံးဂိုး-တစ်ဂိုး) ဖြင့် အုပ်စုအဆင့်သို့ တက်လှမ်းနိုင်သည်။

နှစ်ဂိုးသွင်း

နယူးကာဆယ် အသင်းအတွက် အိုဘာဖီမီမာတင် တစ်ဦးတည်းက ပွဲချိန် ၄၇ မိနစ်နှင့် မိနစ် ၅၀ တို့တွင် နှစ်ဂိုးသွင်းခဲ့သည်။ အက်စ်တိုးနီးယားနိုင်ငံမှ လီဗာဒီးယားတယ်လင်းအသင်းအတွက် ပွဲချိန် ၆၅ မိနစ်တွင် ဇယ်လင်စကီးက ချေပဂိုး တစ်ဂိုးသွင်းယူခဲ့သည်။

အုပ်စုတက်

နယူးကာဆယ်အသင်း နည်းတူ အင်္ဂလန်မှ တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ဘလက်ဘန်းရိုဗာအသင်းတို့ကလည်း ဩစတြီးယားနိုင်ငံမှ ဆယ်လ်ဘတ်ဂ်ျအသင်းနှင့် ချက်သမ္မတနိုင်ငံမှ ဆလာဗီးယားပရာဟာအသင်းတို့ကို အသီးသီး အနိုင်ရရှိပြီး အုပ်စုဆင့်သို့ တက်လှမ်းနိုင်သည်။

အင်တာနက်။

ဆီလ်ဗက်စတာ ဒဏ်ရာရ ဘောလုံးကစားမှု နားရမည်

မန်ချက်စတာ စက်တင်ဘာ ၂၉

မန်ချက်စတာ ယူနိုက်တက်အသင်းမှ နောက်တန်းဘောလုံးသမားဖြစ်သူ မိုက်ကယ်ဆီလ်ဗက်စတာသည် ခြေထောက် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် နိုဝင်ဘာလလယ်အထိ ဘောလုံးကစားနိုင်မည်မဟုတ်ကြောင်း အဆိုပါအသင်းမှ လက်ထောက်နည်းပြ ကားလို့စ်ကွီးရော့ဇ်က စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ပြင်သစ်လူမျိုး ဆီလ်ဗက်စတာသည် ညာခြေထောက် ခြေဖဝါးငယ်အရိုးချောင်းကျိုးသည့် ဝေဒနာကို ကုသမှုခံယူရမည် ဖြစ်ကြောင်း မန်ချက်စတာ ယူနိုက်တက်အသင်းက အတည်ပြုပြောကြားသည်။

ဆီလ်ဗက်စတာသည် စက်တင်ဘာ ၁၇ရက်က အာဆင်နယ်သင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်

ပြည်ပ အားကစားသတင်းများ

စက်တင်ဘာ ၂၈ ရက်က ယူအီးအက်ဖ်အေဖလား ပထမအကျော့ ဒုတိယအဆင့်တွင် နယူးကာဆယ်အသင်းမှ အမ်ရီ (အလယ်**)နှင့် တယ်လင်းအသင်းမှ ဗက်ဆီလ်ဂျက်ဗ်တို့ ဘောလုံးရရှိရေးယှဉ်ပြိုင်ကြစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးတိုက်စစ်မှူး ရိုမာရီယို ဩစတြေးလျတွင် ဧည့်သည်အဖြစ်ကစားမည်

အဒီလိတ် စက်တင်ဘာ ၂၉

ဘရာဇီးလူမျိုး ဘောလုံးအကျော်အမော်တစ်ဦးဖြစ်သည့် ရိုမာရီယိုသည် ဩစတြေးလျနိုင်ငံ အေ-လိဂ် ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသော အဒီလိတ်ယူနိုက်တက် အသင်းတွင် ဧည့်သည်ဘောလုံးသမားအဖြစ် လေးပွဲပါဝင်ကစားမည်ဖြစ်ကြောင်း၊ ရိုမာရီယိုသည် ၎င်း၏ဆုကြေးစား ဘောလုံးသမားဘဝတွင် ဂိုးပေါင်း ၁၀၀၀ နီးပါး သွင်းနိုင်ခဲ့ပြီဖြစ်ကြောင်း စက်တင်ဘာ ၂၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အသက် (၄၀)အရွယ်ရှိ တိုက်စစ်မှူး ရိုမာရီယိုသည် ၁၉၉၄ခုနှစ်တွင် ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလား အောင်ပွဲရဘောလုံးသမား တစ်ဦးဖြစ်ခဲ့သည်။ ရိုမာရီယိုသည် ဘောလုံးဘုရင် ပီလီနည်းတူ ဂိုးပေါင်း ၁၀၀၀ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ရန် နောက်ထပ် ၂၃ ဂိုးမျှသာ လိုအပ်တော့သည်။

ရိုမာရီယိုသည် ဧည့်သည်တော်ဘောလုံးသမားအဖြစ် လေးပွဲကစားရန် ကန်ထရိုက်စာချုပ်တစ်ရပ်ကို သဘောတူလက်ခံလိုက်သည်။ ယင်းသဘောတူညီချက်အရ လာမည့် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အဒီလိတ်ယူနိုက်တက် အသင်း၌ ပါဝင်ကစားမည်ဖြစ်သည်။ ရိုမာရီယို ပါဝင်ကစားမည့် ပထမဆုံးသောပွဲမှာ နိုဝင်ဘာ ၂၅ ရက်တွင် စင်ထရယ်ကို့စ်မရိန်းနားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲဖြစ်သည်။

အင်တာနက်။

စပိန်လက်ရွေးစင်အသင်းတွင် ရာအူးလ် မပါဝင်

မဒရစ် စက်တင်ဘာ ၂၉

စပိန် လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင် ရာအူးလ်သည် ၁၀နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် လက်ရွေးစင်အသင်းမှ ဖယ်ရှားခံရကြောင်း၊ လာမည့် ရက်သတ္တပတ်အတွင်း ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် ၎င်းပါဝင်ခြင်းမရှိကြောင်း စက်တင်ဘာ ၂၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ ရာအူးလ်အား ဖယ်ရှားရခြင်းသည် အချိန်အခါ အခြေအနေအရ မိမိဆုံးဖြတ်ခြင်းဖြစ်ကြောင်း နည်းပြလူးဝစ်အာရာဂွန်နက်စ်က ပြောကြားသည်။

အင်တာနက်။

မဇ္ဈိမဂုဏ်ရည်ဆရာတော် ဂုဏ်ပြုပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော်က ဆက်ကပ် လှူဒါန်းသော ဓမ္မကထိက ဗဟုဇနဟိတရေဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအနီးရှိ မဇ္ဈိမဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာကြီး၏ ပဓာန နာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ (သာသနတက္ကသိုလာဓမ္မာစရိယ)အား အောက်တိုဘာ ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂နာရီခွဲတွင် ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာဆင်ယင် ကျင်းပပူဇော်မည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တက်ရောက်ပူဇော်နိုင်ကြရန် ဖိတ်ကြားထားသည်။(က-ပ)

ကျောက်တံတားမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် (၉)ရပ်ကွက် အမှတ်(၆၇) အနော်ရထာလမ်းနှင့် လမ်း ၄၀ထိပ် မြေညီထပ်နေ ဦးအောင်ညွန့်ပိုင် (ပွင့်ဦးပရိဘောဂ)ဆိုင်တွင် လျှပ်စစ်မီး အပူလွန်ကဲရာမှ ယမန်နေ့ညက မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်မှုကြောင့် ပလတ်စတစ်မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်သုံးပလတ်စတစ်ပစ္စည်းများ မီးလောင်ခံရ၍ ငွေကျပ်သိန်း ၃၀ ဖိုးခန့် ဆုံးရှုံးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ်၁၅ ဆုထူးပန် ပရိယတ္တိ ရွှေကျောင်ကျောင်းတိုက်တွင် သုခကာရီဗဟိုဆောင် မွမ်းမံပြင်ဆင်ရန်အတွက် ဦးတင်ဝင်း–ဒေါ်ကျင်ဝင်း(တော်ဝင်ဧည့်ရိပ်သာ) ဘိုကလေးမြို့ မိသားစုက ကျပ်တစ်သိန်း၊ဦးဆွေတင့်–ဒေါ်ရင်စန်း၊ သား ဟန်သက်အောင်(မဟာ အီလက်ထရွန်နစ်) မိသားစုက ကျပ်တစ်သိန်းနှင့် ဓမ္မမိတ်ဆွေရှစ်ဦးတို့ လှူဒါန်းငွေကျပ် ၁၁၀၀၀၀ စုစုပေါင်းငွေကျပ် ၃၁၁၀၀၀ကိုလှူဒါန်းရာ ကျောင်းပြင်ဆင်ရေး အကျိုးတော်ဆောင် ဦးစံရှိန်လက်ခံစဉ်။

(ကြေးမုံ)

Foundation Analysis and Design သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ Foundation Analysis and Design သင်တန်း အမှတ်စဉ်(၁)ကို အောက်တိုဘာ ၁၄ရက်တွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံး အစည်းအဝေးခန်းမ၌ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း–၅၁၉၆၇၃မှ ၅၁၉၆၇၆အတွင်းသို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်းသိရသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် အဖေကြီး ဦးမိုးဟိန်းအား အမှူးထား၍ ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကစံလမ်းနေ မြေး မပြည့်ပြည့်ဖြိုး၏ (၃)နှစ်ပြည့်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အာရှပတ်လည် မြားပစ်ပြိုင်ပွဲကျင်းပရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၀၆ခုနှစ် နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲကျင်းပရေး ဒုတိယအကြိမ် ပေါင်းစပ်ညှိနှိုင်းပွဲကို စက်တင်ဘာ ၂၅ရက် မွန်းလွဲ ၁နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်းရှိ အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ပေါင်းစပ်ညှိနှိုင်းပွဲတွင် ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲနှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

တတိယအကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲနှင့် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲကို ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြားပစ်အားကစားပြိုင်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အာရှမြားပစ်အဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် အဖွဲ့ဝင်၃၂နိုင်ငံကို ဖိတ်ကြားထားကြောင်း သိရသည်။

(ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် မင်္ဂလာဒုံမြို့နယ် မလွန်သြဝါဒါစရိယ ဆရာတော် ဦးစန္ဒောဘာသနှင့် မင်္ဂလာဒုံ အာစိဏ္ဏကံအဖွဲ့က အလှူတော်ငွေကျပ် ၂၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း၊ ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)အမှူးဆောင်ဆရာတော် အရှင်ကုသလ (M.A) တို့ထံ ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ဇောဓိနမ့်ဆန်ကျောင်း စုပေါင်းဆွမ်းကပ်မည်

ရန်ကုန် စက်တင်ဘာ ၂၉

သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အောက်တိုဘာ ၆ရက် နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဇောဓိနမ့်ဆန်ကျောင်း၌ သတ္တမအကြိမ်မြောက် စုပေါင်းဆွမ်းဆက်ကပ် လှူဒါန်းပူဇော်ပွဲ ကျင်းပမည်ဖြစ်၍ ရန်ကုန်ရောက် တအောင်းပလောင်မိသားစုဝင်များ၊ ရပ်နီးရပ်ဝေးမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများပါဝင်ကုသိုလ်ပြုကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က–ပ)

ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရန်ကုန်ကျောင်းတွင် ၁၂၃၀ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၃၈နှစ်တိုင်တိုင် ကိုးကွယ်ပူဇော်ခဲ့သော မဟာစိန္တာမဏိရုပ်ရှင်တော်မြတ်ကြီးအား(၂၃)ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲကို သီတင်းကျွတ်လဆန်း၁၄ရက်(အောက်တိုဘာ ၅ရက်)ညနေ ၄နာရီ တွင်ပန်း၊ ရေချမ်း၊ ဆီမီးအလင်းတိုင်များကို မိမိတို့ဆန္ဒအလျောက်ပူဇော်ပြီး သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၆ရက်)နံနက်တွင် ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများကဆွမ်းတော်ကြီးကပ်လှူပြီး ပင့်သံဃာ ၅၀ကျော်တို့အား ဆွမ်းကပ်လှူဒါန်း ပူဇော်မည်ဖြစ်၍ ကြွရောက်ပူဇော်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မဟာမြတ်မုနိကိုယ်ပွားရုပ်ပွားတော်တစ်ဆူ သာဂရမြို့ မှန်တောင်တောရတွင် တည်ထားမည်

ရန်ကုန် စက်တင်ဘာ ၂၉

မန္တလေးမြို့မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ဉာဏ်တော်အမြင့် ကြေးပိသာချိန်တူ ရုပ်ပွားတော်တစ်ဆူကို ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့ မှန်တောင်တောရသာသနာ့ဗိမာန် မှန်တောင်တောရ ဆရာတော်ကဦးဆောင်ပြီး ကျပ်သိန်း၂၅၀ကျော်ဖြင့်သွန်းလောင်းပူဇော်ကြမည်ဖြစ်သည်။ မတည်ငွေကို အရှင်ဥတ္တမဝံသ(အရှည်ဝါသီ)၏တပည့်ဒါယကာမိသားစုများက ကျပ် ၂၁၅သိန်း လှူဒါန်းခဲ့ကြပြီး ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒေါ်သန်းစိန် ဖုန်း–၀၅၄–၂၁၅၂၉၊ ဦးသန်းမြင့်–ဒေါ်အမာကြည် ဖုန်း–၀၆၇–၃၀၂၉၄၊ ဦးခင်ဦး–ဒေါ်ဘေဘီ ဖုန်း–၀၆၇–၂၁၅၂၆၊ Ecoသိန်းတန် ဖုန်း–၀၂–၆၃၄၁၁ လိုင်းခွဲ ၃၃၇၊ ဦးသိန်းဆောင်–ဒေါ်ခင်တင့် ဖုန်း–၀၁–၅၄၁၅၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ပြည်သူ့ထံမှပေးစာ

စည်းကမ်းမဲ့ ခရီးသည်ခေါ်မှုကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဒဂုံ–ဇရာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် ခရီးသည်ပို့ဆောင်ရေး ကားဂိတ်အသီးသီးရှိပါသည်။အဆိုပါဂိတ်များမှ အချို့သည် ခရီးသည်များအား အလုအယက်ခေါ်တင်နေကြသဖြင့် ခရီးသွားပြည်သူအချို့မှာလက်ဆွဲအိတ်၊ လက်ဆွဲခြင်းများ ပျက်စီးပျောက်ဆုံးခြင်းများ တွေ့ကြုံနေကြရပါသည်။ သို့ဖြစ်ပါ၍ ဒဂုံဇရာ အဝေးပြေး ယာဉ်ရပ်နားစခန်းမှ စည်းကမ်းမဲ့ လူခေါ်တင်မှုများအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကိုယ်တွေ့ကြုံသူတစ်ဦး

အညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းရှင်–

ရန်ကုန်တိုင်း တာမွေမြို့နယ် မလွကုန်းဈေးကြွယ် (က)ရပ်ကွက် အာသောကလမ်းတွင် အရက်ဆိုင်နှင့် ဘီယာဆိုင် ဆိုင်နှစ်ဆိုင်မှ အညှော်ထုတ်သည့် ခေါင်းတိုင်မှာ အလွန်နိမ့်နေပါသဖြင့် အနီးပတ်ဝန်းကျင်၌ နေထိုင်သူများမှာ အညှော်နံ့ကို ရှူနေကြရပါသည်။ သို့ဖြစ်ပါ၍ အညှော်နံ့ကင်းရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

တာမွေသူ

မိလ္လာပိုက်ပေါက် ပြုပြင်ပေးပြီး

၂၆–၈–၂၀၀၆ ရက်နေ့ ထုတ် ကြေးမုံသတင်းစာပါ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းမှ မိလ္လာပိုက်ပေါက် ပြုပြင်ပေးစေချင် ပေးစာနှင့် စပ်လျဉ်း၍ ပြုပြင်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ မြို့တော်စည်ပင်

စာအုပ်ချုပ်လုပ်ငန်းကြောင့် အိပ်စက်မရ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် အမှတ်(၈)ရပ်ကွက် လမ်း(၃၀) အထက်လမ်း မြေညီထပ်တွင် စာအုပ်ချုပ်လုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ အလုပ်လုပ်သူများ၏ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေသူများ အိပ်ရေးပျက်ကြရပါသည်။

သို့ဖြစ်ပါ၍ ဆူညံသံများအား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အိပ်မရသူ**

ဆောင်းဘောက်ဖြင့် သီချင်းဖွင့်သံ ဆူဆူညံ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက်အတွင်းရှိ အရက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကာရာအိုကေဆိုင်များသည် မိုးလင်းမှ မိုးချုပ်အထိ ဆောင်းဘောက်ဖြင့် သီချင်းများ ကျယ်လောင်စွာဖွင့်ခြင်း၊ သီချင်းများအော်ဟစ်သီဆိုနေခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ အိပ်စက်မရကြပါ။ သို့ဖြစ်ပါ၍ ညနက် သန်းခေါင်ကျော်အထိ သီချင်းသံများဖြင့် ဆူညံနေကြသည့် အဆိုပါ ဆိုင်များအား အရေးယူပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကြူစမ်းရွာမရပ်ကွက်တွင် ပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် ဂျီးဖြူပိုက်မှ ရေသွယ်ယူ ဆောင်ရွက်ထားရာ အလှူရှင်များ လှူဒါန်းထားသည့် အုတ်ကန်အတွင်းသို့ ရေမဝင်ရောက်စေရန် မသမာသူအချို့က ရေပိုက်များကို ကြားမှဖြတ်၍ ပိတ်ဆို့ခြင်းများ ပြုလုပ်လျက် ရှိပါသည်။ သို့ဖြစ်ပါ၍ သောက်သုံးရေရရှိရေးအတွက် စီစဉ်ဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။ **ကြူစမ်းသား**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ရပ်ကွက်အတွင်းမှကြက်မွေးမြူရေးခြံ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

မော်လမြိုင်မြို့ ဗဟိုလမ်း မြောက်ဘက်ခြမ်းရှိ အဝိုင်းကြီးအနီးတွင် ကြက်မွေးမြူရေး ခြံတစ်ခြံ ဆောက်လုပ်၍ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ကြက်ချေးအနံ့များ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိပါသဖြင့် လမ်းအတွင်း နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကြက်မွေးမြူရေးလုပ်ငန်းအား သင့်တော်ရာ နေရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

ဗိုလ်မင်းရောင်လမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၅)ကွေ့နှင့် ကျောင်းကွေ့အကြား ဗိုလ်မင်းရောင်လမ်းမကြီးသည် ချိုင့်ခွက်များဖြစ်ပြီး ပျက်စီးယိုယွင်းလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဒဂုံမောင်

ခဲကျိုနံ့အန္တရာယ် တားဆီးပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် (၇)လမ်းရှိ အိမ်တစ်အိမ်တွင် အက်ဆစ်များ ရောစပ်ခြင်း၊ ဘက်ထရီအိုးအဟောင်းများ ပြုပြင်ခြင်းများ လုပ်ကိုင်လျက်ရှိရာ ကော်ညှော်နံ့၊ ခဲကျိုနံ့နှင့် အားသွင်းရာမှ ထွက်ရှိသော အက်ဆစ်နံ့တို့ကြောင့် ပတ်ဝန်းကျင်နေသူများ ခဲဆိပ်သင့်အန္တရာယ် ရှိနေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား သင့်တော်ရာနေရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ခဲကျိုနံ့မခံနိုင်သူ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်–

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာ စနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်–

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လုပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းကို ရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသောငွေကြေးအင်အားရှိမှုအခြေအနေအား အောက်ပါဌာနများ၏ ထောက်ခံချက်နှင့်အတူ တင်ပြရမည်–

(၁) လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားနှင့် တူညီသည့် လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းပမာဏ အခြေအနေနှင့် ပတ်သက်၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက် (လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်)။

(၂) အထက်အပိုဒ်ခွဲငယ်(၁)ပါ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအတွက် ငွေကြေးလုံလောက်မှုအခြေအနေနှင့်ပတ်သက်၍ သက်ဆိုင်ရာဘဏ်၏ အာမခံချက်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှုအထောက်အထား။

(ခ) လျှောက်ထားသူသည် ယခင်ကတည်းက လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့သူဖြစ်ပြီး ထိုလုပ်ငန်းကိုပင် ဆက်လက်တိုးချဲ့လုပ်ကိုင်ရန် ရည်ရွယ်ထားသူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခုဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန်ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

အမေရိကန်က မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို မျက်ကွယ်ပြုကာ ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်သည့် "အထူးစိုးရိမ်ရသောနိုင်ငံ" အဖြစ် မှားယွင်းစွာသတ်မှတ်ဖော်ပြခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ် မြန်မာနိုင်ငံတွင် လွတ်လပ်စွာကိုးကွယ်ခွင့်ရှိပြီး အစိုးရက ဘာသာမတူသူများ သဟဇာတဖြစ်ရန်ဆောင်ရွက်နေ အဓိကဘာသာများအကြား ပြဿနာကြီးကြီးမားမားမရှိဘဲ အစိုးရက ခွဲခြားဖိနှိပ်မှုမရှိသည့်အပြင် တူညီသောထောက်ပံ့မှုများ ပေးထားသဖြင့် ဘာသာဝင်များအားလုံး အေးအတူပူအမျှ နေထိုင်

နေပြည်တော် စက်တင်ဘာ ၂၉

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၅ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ ဘာသာရေး လွတ်လပ်ခွင့်အစီရင်ခံစာနှင့် ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက လုံးဝလက်မခံဘဲ ပယ်ချလိုက်ကြောင်း သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့်ထုတ်ပြန်လိုက်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဒီမိုကရေစီ လူ့အခွင့်အရေးနှင့် အလုပ်သမားဗျူရိုမှ (၁၅–၉–၂၀၀၆)ရက်က ထုတ်ပြန်ခဲ့သော "၂၀၀၆ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ"သည် ဘာသာရေးကဏ္ဍတွင်လည်း မြန်မာအစိုးရ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် စွပ်စွဲချက်များဖြင့် ထွက်ပေါ်လာပါသည်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို မျက်ကွယ်ပြုကာ ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်သည့် "အထူးစိုးရိမ်ရသောနိုင်ငံ"အဖြစ် မှားယွင်းစွာ သတ်မှတ်ဖော်ပြခြင်းမှာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ယင်းအစီရင်ခံစာသည် တိကျမှန်ကန်မှု မရှိသည့်အပြင် မြန်မာပြည်သူများအကြား ကိုးကွယ်သည့်ဘာသာ ကွဲပြားမှုရှိသော်လည်း အချင်းချင်း

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍

မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိပြီး အစိုးရအနေဖြင့် ဘာသာမတူ သက်ဝင် ယုံကြည်သူများ သဟဇာတဖြစ်စေရန် ဆောင်ရွက် ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဘာသာဝင်များ အကြား သဟဇာတရှိခြင်းသည် မြန်မာ့လူမှုစရိုက် လက္ခဏာအဖြစ် အများက အသိအမှတ်ပြု လက်ခံ ထားကြသည်။ မြန်မာနိုင်ငံ၏ ဘာသာရေး လွတ်လပ်ခွင့်ကို ဖော်ညွှန်းနေသော ရန်ကုန်မြို့ လယ်မှ ဘာသာရေးဆိုင်ရာ အဆောက်အအုံ အချို့၏ ယှဉ်တွဲတည်ရှိနေမှု မြင်ကွင်းတစ်ခုကို ဤသို့ တွေ့ရမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာနိုင်ငံအား ခေတ်သစ်ကိုလိုနီကျွန်ဘဝရောက်အောင် လုပ်ဆောင်နေသည့် NLD ဟု

ရှေ့မီနောက်မီပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသမားများနှင့် ပြည်သူများက ဝေဖန်သုံးသပ်နေ

ရန်ကုန် စက်တင်ဘာ ၂၉

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီ တည်ထောင်သည့် (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်၌ စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိကျင်းပခဲ့ရာ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များအုပ်စုအမည်ခံ နိုင်ငံရေးသမားဟောင်းများ၊ (၈၈)မျိုးဆက်အမည်ခံ ကျောင်းသားဟောင်းများ၊ ဖျက်သိမ်းပြီး နိုင်ငံရေးပါတီများမှပုဂ္ဂိုလ်များ၊ အမေရိကန်နှင့် ဗြိတိန်သံရုံးတို့မှ သံတမန်များလည်း တက်ရောက်ခဲ့ကြပြီး အခမ်းအနားမစတင်မီ ဌာနချုပ်ရုံးအပြင်ဘက်၌ NLD ပါတီဝင် ၁၀၀ခန့်က စာတန်းများ ကိုင်ဆောင်ပြီး အော်ဟစ်ကြွေးကြော်ခဲ့ကြောင်း တွေ့ရှိရသည်။

ထို့အတူ အမေရိကန်နိုင်ငံခြားရေးဌာနကလည်း စက်တင်ဘာ ၂၆ရက်နေ့စွဲဖြင့် ကြေညာချက်တစ်စောင် ထုတ်ပြန်ပြီး NLD ၏ နှစ်ပတ်လည်နေ့တွင် NLD အား ဆက်လက်ထောက်ခံအားပေးကြောင်း၊ NLD နှစ်ပတ်လည်နေ့သည် လုံခြုံရေး ကောင်စီက မြန်မာနိုင်ငံအရေးကို ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ချိန်နှင့် တိုက်ဆိုင်ကိုက်ညီလျက်ရှိကြောင်း၊ အမေရိကန်အစိုးရသည် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် မြန်မာ့ပြည်တွင်းရေးတွင် ၎င်းတို့ ဝင်ရောက်စွက်ဖက်လျက်ရှိသည့် အနေအထားများကို ပြောင်ပြောင်တင်းတင်း ဖော်ပြခဲ့ကြောင်း ဖတ်ရှုလိုက်ရသည်။

အဆိုပါ NLD နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာသို့ခွင့်ပြုချက် တောင်းခံခဲ့စဉ်က လူ ၅၀ထက်မပိုဘဲ ခန်းမအတွင်း၌သာ ကျင်းပရန် သတ်မှတ်သဘောတူခဲ့ကြောင်း သိရသည်။ သို့ရာတွင် လက်တွေ့၌ ပါတီဝင် ၅၀၀ခန့် တက်ရောက်ခဲ့ကြပြီး ဌာနချုပ်ရုံးအပြင်ဘက်တွင် လူစုလူဝေးဖြင့် စုရုံး၍ စာတန်းများကိုင်ဆောင်ကြွေးကြော်အော်ဟစ်ကာ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းများကို ချိုးဖောက်ခဲ့ကြသော်လည်း သက်ဆိုင်ရာက သဘောထားကြီး စွာဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့ကြောင်းနှင့် စက်တင်ဘာ ၂၈ရက်နှင့် ၂၉ရက်တို့တွင်လည်း အဆိုပါဌာနချုပ်ရုံး၌ပင် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် ပြည်နယ်/တိုင်း NLD စည်းရုံးရေး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒